ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်၊ အင်္ဂါနေ့၊ (15-3-2005) (၄၅၃၈)

အလုပ်ကို ကြိုးစားလုပ်ကြ

နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု တိုးတက်ဖွံ့ဖြိုးရေးအတွက် လုံလောက်သည့် လူဦးရေ ရှိရန် လိုအပ်သကဲ့သို့ ပညာတတ် လူ့အရင်းအမြစ်နှင့် ရေ၊ မြေသယံဇာတများလည်း ပြည့်စုံရန်လိုအပ်၊ ယင်းအချက်သုံးချက် ပြည့်စုံပြီး အလုပ်ကို ကြိုးစားလုပ်ကြမည် ဆိုလျှင် ယင်းနိုင်ငံ၊ ယင်းဒေသသည် တိုးတက်ဖွံ့ဖြိုးသွားမှာဖြစ်။

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ပဲခူးတိုင်းအနေဖြင့် မိမိတိုင်း၊ မိမိဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် အမြဲကြံ့စည်ကြိုးပမ်း မိုးစပါးစိုက်ဧကကို သုံးနှစ်စီမံချက်ဖြင့် ဧကသိန်း ၃၀ အထိ တိုးချဲ့စိုက်ပျိုးနိုင်ရေး အဓိကသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး လုပ်ငန်းများ အောင်မြင်အောင် ဖိဖိစီးစီးလုပ်ကိုင် အမှန်တကယ်ကြိုးစားမည်ဆိုလျှင် အောင်မြင်နိုင်သည့်အခြေအနေကောင်းများ ပဲခူးတိုင်း၌ ရှိပြီးဖြစ်

ရန်ကုန် မတ် ၁၄

ပဲခူးတိုင်း တောင်ငူမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မတ် ၁၃ ရက် နံနက် ၉နာရီတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ တောင်ငူခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာများအား တွေ့ဆုံမှာကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ●

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖြူးချောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်း၏ ပင်မတမံ တည်ဆောက်မည့်နေရာနှင့် စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၅-၃-၂၀၀၅
(အင်္ဂါနေ့)

နိုင်ငံတော်အကျိုးပြု ဘက်စုံစီမံကိန်းများ အချိန်စောပြီးစီးရေး စနစ်တကျ ကြိုးပမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များလိုက်ပါလျက် မတ်လ ၁၁ရက်နှင့် ၁၂ရက်နေ့များက ပဲခူးတိုင်း အုတ်တွင်းမြို့နယ်ရှိ ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်း လုပ်ငန်းများ၊ တောင်ငူမြို့ ဖွံ့ဖြိုးရေးအခြေအနေများနှင့် ကရင်ပြည်နယ် သံတောင်မြို့နယ် သံတောင်–တောင်စခန်းမြို့တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများလမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ခရီးစဉ်အတွင်း ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိစဉ် **စီမံကိန်းလုပ်ငန်းကို ဖြစ်နိုင်သမျှအချိန်စောပြီးစီးရေး၊ စနစ်တကျသေချာစွာ လုပ်ကိုင်ရေး**တို့နှင့်စပ်လျဉ်း၍ လမ်းညွှန်မှာကြားသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးအခြေခံသည့်နိုင်ငံဖြစ်ရာ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းခြင်းသည် နိုင်ငံတော်၏ စီးပွားရေးဘဝကို တိုးတက်ခိုင်မာစေသည်သာမက လူဦးရေအများစုကြီးဖြစ်သော ကျေးလက်ဒေသနေ ပြည်သူများ၏ လူမှုစီးပွားရေးဘဝကိုပါ မြှင့်တင်ပေးရာရောက်ပေသည်။

ထို့ကြောင့် နိုင်ငံတော်က စိုက်ပျိုးရေးလုပ်ငန်းများအတွက် အခြေခံလိုအပ်ချက်ဖြစ်သော ဆည်မြောင်းတာတမံ၊ ရေထိန်းတံခါးများကို ရေမြေအခြေအနေပေးသော ဒေသတိုင်းတွင် အရှိန်အဟုန်ဖြင့် တည်ဆောက်ပေးလျက်ရှိသည်။

ယင်းကဲ့သို့ အကောင်အထည်ဖော်တည်ဆောက်ပေးလျက်ရှိသည့် ဆည်တမံများထဲတွင် အချို့မှာ စိုက်ပျိုးရေးအတွက် စိုက်ပျိုးရေ လုံလောက်စွာ ပေးဝေနိုင်သည့် ဆည်တမံများဖြစ်ပြီး အချို့မှာ စိုက်ပျိုးရေအတွက်သာမက ရေအားလျှပ်စစ်ဓာတ်အားများပါ ထုတ်လွှတ်ပေးနိုင်သည့် ဘက်စုံရေလှောင်တမံစီမံကိန်းများလည်း ပါဝင်သည်ကိုတွေ့ရသည်။

ပဲခူးတိုင်း အုတ်တွင်းမြို့နယ်တွင် တည်ဆောက်လျက်ရှိသည့် ခပေါင်းရေလှောင်တမံသည် စိုက်ပျိုးရေနှင့် လျှပ်စစ်ဓာတ်အားပါ ထုတ်လွှတ်ပေးနိုင်မည့် ဘက်စုံစီမံကိန်းတစ်ခုဖြစ်သည်။

အုတ်တွင်းမြို့နယ် ခပေါင်းချောင်း၌ တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည့် ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသည် တမံအလျားပေ ၈၂၀၊ တမံအမြင့် ပေ ၂၀၀ ရှိပြီး မြေသားတမံအမျိုးအစားဖြစ်သည်။

အဆိုပါရေလှောင်တမံ ဘက်စုံစီမံကိန်း အကောင်အထည်ဖော်ပြီးစီးပါက လယ်မြေဧရိယာဧကတစ်သိန်းကို ရေပေးသွင်း စိုက်ပျိုးနိုင်မည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၀ ပါ ထုတ်ယူရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရေလှောင်တမံ ဘက်စုံစီမံကိန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)နှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၃) တည်ဆောက်ရေးတို့က တာဝန်ယူ၍ စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်း အုတ်တွင်းဒေသသည် ရေမြေအခြေအနေအရ စိုက်ပျိုးရေးလုပ်ငန်းများဖြစ်ထွန်းရန် အလားအလာ ကောင်းမွန်လျက်ရှိရာ ယခုကဲ့သို့ လယ်မြေဧရိယာဧက တစ်သိန်းကို ရေပေးဝေစိုက်ပျိုးနိုင်မည့် ခပေါင်းရေလှောင်တမံ ဘက်စုံ စီမံကိန်းကို တည်ဆောက်ပေးခြင်းဖြင့် မိုးစပါးသာမက နွေစပါးနှင့် အခြားသီးနှံများ တစ်နှစ်ပတ်လုံးတိုးချဲ့ စိုက်ပျိုးနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မားရေးတို့အတွက် အကျိုးပြုမည့် တည်ဆောက်ဆဲ ဘက်စုံစီမံကိန်းများ သတ်မှတ်ကာလထက် အချိန်စောပြီးစီးရေးအတွက် အားသွန်ခွန်စိုက် စနစ်တကျ ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံကတိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။
၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။
၃။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရေး။
၄။ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်များ တိုးချဲ့ဆောက်လုပ်မှုစစ်ဆေး

ရန်ကုန် မတ် ၁၄

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌွေးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့တော် နယ်နိမိတ်အတွင်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်များ တိုးချဲ့ဆောက်လုပ်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးသည် မင်္ဂလာဒုံ ဥယျာဉ်မြို့တော်ရှိ သဘာဝဓာတ်ငွေ့ အရောင်းဆိုင် အမှတ်(၀၁၂) တည်ဆောက်နေမှုလုပ်ငန်းသို့ သွားရောက်၍ ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများ အမြန်ပြီးစီးရေး၊ ဧပြီလဆန်းပိုင်းတွင် ဆိုင်ဖွင့်လှစ်ရောင်းချနိုင်ရေး မှာကြားသည်။

ညှိနှိုင်း

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရန်ကုန်–ပြည်လမ်းမပေါ်ရှိ ပျဉ်းမပင်ဆိုင်အမှတ်(၀၁၃)သို့ လည်းကောင်း၊ လှိုင်သာယာမြို့နယ်ရှိ ဆိုင်အမှတ်(၀၁၁) သို့လည်းကောင်း၊ အလုံမြို့နယ် ကြည့်မြင်တိုင် ကမ်းနားလမ်းပေါ်ရှိ ဆိုင်အမှတ်(၀၀၈)သို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကြိုးပမ်း

စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် ရန်ကုန်မြို့တော် နယ်နိမိတ်အတွင်းရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင် ငါးဆိုင် ဖွင့်လှစ်ခဲ့ပြီးဖြစ်ကာ လက်ရှိသဘာဝဓာတ်ငွေ့သုံး ယာဉ်အားလုံးကို သဘာဝဓာတ်ငွေ့များ လုံလောက်စွာဖြည့်ဆည်းရောင်းချပေးလျက်ရှိသည်။ ထပ်မံ တိုးတက်လာမည့် သဘာဝဓာတ်ငွေ့သုံး ယာဉ်များအတွက်လည်း ယာဉ်လမ်းကြောင်းများနှင့် ယာဉ်သိပ်သည်းမှုပေါ် မူတည်၍ နေရာရွေးချယ်ကာ အဆင့်လိုက် တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ရာ ဆိုင်အမှတ် (၀၁၂)၊ (၀၁၃)နှင့် (၀၁၁)တို့ကို ဧပြီလဆန်းပိုင်းမှစ၍ ဆက်တိုက်ဖွင့်လှစ်သွားရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

နေ့ရောညပါ

မော်တော်ယာဉ်များကို စီမံချက်ဖြင့် သဘာဝဓာတ်ငွေ့သုံးယာဉ်အဖြစ်တိုးချဲ့ပြောင်းလဲလျက်ရှိရာ ယင်းသို့ တိုးတက်လာမည့် မော်တော်ယာဉ်များအတွက် ဆိုင်သစ်များကို အချိန်မီ ဖွင့်လှစ်ရောင်းချနိုင်ရန် စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများက နေ့ရောညပါ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌွေး လှိုင်သာယာမြို့နယ်ရှိ သဘာဝဓာတ်ငွေ့အရောင်းဆိုင် အမှတ် (၀၁၁) တည်ဆောက်နေမှု လုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။

(စွမ်းအင်)

အလုံမြို့နယ် ဆင်မင်းလမ်း အမှတ် (၉၆)နေ မိခင်ကြီးဒေါ်အေးကြည်အား အမှူးထားပြီး ဦးဝင်းရွှေ၊ ဒေါ်မြမြဝင်း မိသားစုတို့က ဆွမ်းပဒေသာပင်များနှင့် ဘိုးဘွားများအား တစ်နေ့တာ အာဟာရ ကျွေးမွေးရန် ငွေကျပ်ငါးသိန်း တစ်သောင်းငါးထောင်ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင်သို့ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ငွေကျပ် ၅၀တန် အောင်ဘာလေသိန်းဆု ဖွင့်ပွဲ ဧပြီ ၁ ရက်တွင် ကျင်းပမည်

ရန်ကုန် မတ် ၁၄

(၁၉၅) ကြိမ်မြောက် ငွေကျပ် ၅၀တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲကို ဧပြီ ၁ ရက်တွင် အောင်ဘာလေ သိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နံနက် ၉ နာရီမှစတင်၍ ညနေ ၄ နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်သွားမည်ဖြစ်သည်။

အပိုဆု

ဆုကြီး တစ်ဆုချင်း စနစ်အရ ငွေကျပ်သိန်း(၅၀) ၁၀ဆု၊ ငွေကျပ်(၂၅)သိန်း ၁၂ဆု၊ မင်္ဂလာစုံတွဲ စနစ်အရ ငွေကျပ်သိန်း (၅၀) (၁၉) ယူနစ်၊ ဖြည့်စွက်စနစ်အရ (၂)ယူနစ်နှင့် အပိုဆုစနစ်အရ ၂၄ဆုတို့ကို တစ်ရက်တည်းဖြင့် ဖွင့်လှစ်ပေးမည်ဖြစ်သည်။

ဖွင့်လှစ်

ထို့ပြင် အောင်ဘာလေသိန်းဆုဌာနခွဲက ၁၉–၅–၂၀၀၀ နေ့စွဲဖြင့် ကြေညာထားသည့်အတိုင်း ငွေကျပ်သိန်း ၃၀၀ အထူးဆုကြီးတစ်ဆုကိုပါ ထည့်သွင်းဖွင့်လှစ်ပေးမည်ဖြစ်သည်။

ထို့ကြောင့် ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း(၃၀၀) တစ်ဆု၊ ငွေကျပ်သိန်း(၅၀) ၂၉ဆု၊ ငွေကျပ်(၂၅)သိန်း ၁၂ဆု၊ ငွေကျပ်(၆)သိန်း ၆၆၅ဆု၊ ငွေကျပ် (၅) သိန်းနှစ်ဆု၊ ငွေကျပ်(၄)သိန်း လေးဆု၊ ငွေကျပ်(၂)သိန်း ၁၅ဆု၊ ငွေကျပ် တစ်သိန်း ၁၇၁ဆု၊ ငွေကျပ်ရှစ်သောင်း ၂၄ဆု၊ ငွေကျပ် ငါးသောင်း ၁၇၁၀ဆု၊ ငွေကျပ်လေးသောင်း ၄၆ဆု၊ ငွေကျပ် နှစ်သောင်း ၃၃၃ဆု၊ ငွေကျပ် တစ်သောင်းဆု ၁၇၁၀၀ စုစုပေါင်း ၂၀၁၁၂ဆု ဖြစ်သည်။

လျှောက်ထား

(၁၉၅)ကြိမ်မြောက် ငွေကျပ်(၅၀)တန် ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို ဧပြီ ၇ ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ဆုငွေကျပ် (၅)သိန်းနှင့်အောက် ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲတွင် လျှောက်ထားတင်ပြပြီး လာရောက်ထုတ်ယူနိုင်သည်။

(သတင်းစဉ်)

လက်ခံတွေ့ဆုံ

ပြည်ထောင်စု မြန်မာနိုင်ငံတော်- နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း မလေးရှားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး နှင့် စက်မှုဝန်ကြီးဌာနဝန်ကြီး H.E. Dato' Seri Rafidah Aziz နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

★ **နိုင်ငံတော်ဝန်ကြီးချုပ်မှ**

ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်သူနှင့် ဦးမောင်မြင့်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး မလေးရှားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီးနှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Dato' Cheah Sam Kip လည်း တက်ရောက်သည်။

ယင်းသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်း မုံရွာမြို့ တိုင်းပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲနှင့် ထာဝရသွေးလှူရှင် အဆိုပြုလွှာပေးအပ်ပွဲအခမ်းအနားတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဗဟိုအလုပ်အမှုဆောင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့က လှည့်လည်ကြည့်ရှုအားပေးစဉ်။

(အား/ကာ)

စစ်ကိုင်းတိုင်း နွေရာသီပြည်သူ့အကျိုးပြုသင်တန်းများဖွင့် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

ရန်ကုန် မတ် ၁၄

စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် နွေရာသီပြည်သူ့အကျိုးပြုသင်တန်းများဖွင့်ပွဲကို မတ် ၁၃ ရက်တွင် စစ်ကိုင်းတိုင်း မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ တိုင်း၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အသင်း အလုပ်အမှုဆောင်များ၊ သင်တန်းတက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ဗဟိုနာယကအဖွဲ့ဝင်၊ တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၏ လမ်းညွှန်မှုနှင့်အညီ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ လူငယ်လူရွယ်များ နွေရာသီကျောင်းပိတ်ရက်ကာလကို အကျိုးရှိရှိ အသုံးချနိုင်စေရန်နှင့် လူငယ်များ အမျိုးသားကိုယ်ပိုင်စရိုက်လက္ခဏာထိန်းသိမ်းလိုစိတ် ထွန်းကားရေး၊ ရိုးရာယဉ်ကျေးမှုနှင့် ကိုယ်ကျင့်တရားအပြင် အမျိုးအနွယ်စောင့်ထိန်းရေး အသိအမြင်နှင့် မြန်မာ့လူဘောင်အဖွဲ့အစည်း၏ တန်ဖိုးကိုနားလည် သဘောပေါက်စေရေးတို့အတွက် နွေရာသီလူငယ်သင်တန်းများ ဖွင့်လှစ်ရခြင်း အကြောင်းရင်းများကို ရှင်းလင်းပြောကြားကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ကျောင်းသား၊ ကျောင်းသူလေးများက သုံးဆယ့်ရှစ်ဖြာမင်္ဂလာတေးကဗျာကို ရွတ်ဆိုကြပြီး ဖွင့်ပွဲကို ရုပ်သိမ်းလိုက်သည်။ ထို့နောက် ဗဟိုနာယကအဖွဲ့ဝင်၊ တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည်တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

စစ်ကိုင်းတိုင်းအတွင်း ခရိုင်နှင့်မြို့နယ် အသီးသီးတွင် စီမံခန့်ခွဲရေးဆင့်ပွားသင်တန်းများ၊ အမျိုးသား ယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းများ၊ နွေရာသီ အားကစားသင်တန်းများ၊ နိုင်ငံတကာ ဆက်ဆံရေးသင်တန်းများ၊ မြန်မာ့ဖွံ့ဖြိုးမှုလေ့လာရေး ဆင့်ပွားသင်တန်းများ၊ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးသင်တန်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ၊ ဂီတအနုသုခုမသင်တန်းများ၊ အခြေခံလေကြောင်းနှင့် ရေကြောင်းအတတ်ပညာသင်တန်းများကို နွေရာသီကာလအတွင်း၌ နေရာပေါင်း ၁၅၅၇ ခုတို့၌ ၃၉၃ ကြိမ် ဖွင့်လှစ်သွားမည်ဖြစ်ပြီး လူငယ်ပေါင်း ၄၄၀၀၇၅ ဦးတို့ တက်ရောက်ကြမည်ဖြစ်သည်။

ဂုဏ်ပြုကြိုဆို

ယင်းနောက် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် မုံရွာမြို့တိုင်းပြည်သူ့ဆေးရုံကြီး၌ ကျင်းပသော နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲနှင့် ထာဝရသွေးလှူရှင် အဆိုပြုလွှာပေးအပ်ပွဲ၊ စုပေါင်းသန့်ရှင်းရေး လုပ်ဆောင်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားကြပြီး စစ်ကိုင်းတိုင်းအတွင်းမှ ထာဝရသွေးလှူရှင် ၇၄၃၃ ဦး၏ အမည်စာရင်းကို ခရိုင်အသီးသီးမှ ပေးအပ်ကြရာ မုံရွာခရိုင်ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာမြမြသိန်းက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူးက (၉၄)ကြိမ်သွေးလှူရှင်တစ်ဦးနှင့် (၇၅)ကြိမ် သွေးလှူရှင်တစ်ဦးတို့အား လည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင်က (၄၉)ကြိမ် သွေးလှူရှင်တစ်ဦး၊ (၄၅)ကြိမ် သွေးလှူရှင် တစ်ဦးနှင့်(၄၂)ကြိမ်သွေးလှူရှင် တစ်ဦးတို့အား လည်းကောင်း ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်ပြီး စုပေါင်း သွေးလှူဒါန်းနေမှုနှင့် စုပေါင်း သန့်ရှင်းရေး လုပ်ဆောင်နေမှုတို့ကို လိုက်လံကြည့်ရှုအားပေးကြသည်။

မှာကြား

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် မုံရွာမြို့ မြို့တော်ခန်းမ၌ တိုင်း၊ ခရိုင်၊မြို့နယ်အသင်းအလုပ်အမှုဆောင်များ၊ မုံရွာမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာစည်းရုံးရေးမှူးများအား တွေ့ဆုံ၍ အသင်းကိစ္စရပ်များကို မှာကြားသည်။ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် တိုင်းအသင်းရုံး၌ တိုင်းအသင်းအလုပ်အမှုဆောင်များ၊ ခရိုင်အသင်းအတွင်းရေးမှူးများ၊ မုံရွာခရိုင်နှင့် ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်များမှ အသင်းအတွင်းရေးမှူးများအား တွေ့ဆုံ၍ စည်းရုံးရေး အရှိန်မြှင့်ဆောင်ရွက်ရေး၊ နွေရာသီ လူငယ်သင်တန်းများ ကျယ်ကျယ်ပြန့်ပြန့်ဖွင့်လှစ်ရေး၊ ဒေသအလိုက် ဆေးရုံများတွင် သွေးလိုအပ်ပါက အသင်းဝင်များက ပါဝင်လှူဒါန်းနိုင်ရေးအတွက် စီမံဆောင်ရွက်သွားရေး၊ ကျေးလက်ဒေသ မီးလင်းရေးနှင့် ကျေးလက် ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ရေးတို့ကိုမှာကြားသည်။

(သတင်းစဉ်)

မတ် ၁၃ ရက်က ကျင်းပသည့် တောင်ဥက္ကလာပမြို့နယ် အမက(၁၂) ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ဆုချီးမြှင့်ပွဲတွင် ဒုတိယတန်းမှ ဆုရ ကျောင်းသူ မသဇင်ဖူးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လှနွယ် ဆုချီးမြှင့်စဉ်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၅-၃-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၀ ၈။ ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ (ပဲခူးတိုင်း)
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (သတ္တဗေဒ၊ ဓာတုဗေဒ အထူးပြုများ) (ဓာတုဗေဒ)
- ၅:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၅:၃၀ ၇။ ခံစားနားဆင်တေးဓာတ်ဝင်
- ၅:၄၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၀၅ ၉။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "မျောက်မင်းဝူခုန်း"(အပိုင်း-၇၆)**
- ၆:၃၀ ၁၀။ ညနေခင်းသတင်း
- ၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၂။ ကြေးမုံရိပ်သွင် တေးနှုယဉ်
- ၇:၁၅ ၁၃။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
- ၇:၂၀ ၁၄။ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၇:၃၅ ၁၅။ အမျိုးသားညီလာခံ ဂုဏ်ပြုတေး
- ၇:၄၅ ၁၆။ "မမိုတ်သောမျက်စိ မလပ်သောသတိ"
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သံစဉ်မဲ့ချစ်သူ"(အပိုင်း-၄၇) (ဇာတ်သိမ်းပိုင်း)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

လောင်စာတွေကိုရှင်း
မီးဘေးအန္တရာယ်ကင်း

ကမ္ဘာကြီးကိုစိုးမိုးချုပ်ကိုင်ရန် ဘုရှ်ကြိုးပမ်းနေကြောင်း သမ္မတချားဗက်ဇ်ဝေဖန်

ကာရာကာ့စ် မတ် ၁၃

ဗင်နီဇွဲလား သမ္မတ ဟူဂိုချားဗက်ဇ်နှင့် အီရန်သမ္မတ မိုဟာမက်ခါတာမီတို့သည် အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်ကို စနေနေ့က ဝေဖန်လိုက်ကြသည်။ အမေရိကန်၏ ဖိအားပေးမှုကိုခံနေကြရသောနိုင်ငံများသည် ယင်းနိုင်ငံ၏ ခြိမ်းခြောက်မှုများကို ပယ်ချကြရန် ချားဗက်ဇ်နှင့် ခါတာမီတို့က တိုက်တွန်းလိုက်ကြသည်။

အမေရိကန်အစိုးရသည် မိမိအား လုပ်ကြံသတ်ဖြတ်ရန် ရည်ရွယ်ထားသည်ဟု ချားဗက်ဇ်က ၎င်း၏ စွပ်စွဲချက်ကို ထပ်လောင်းပြောကြားလိုက်ပြီး ဘုရှ်သည် ကမ္ဘာကြီးကို ပိုင်စိုးရန် ကြိုးပမ်းနေသူဖြစ်ကြောင်း ဝေဖန်လိုက်သည်။

ဝေဖန်

ဗင်နီဇွဲလားနိုင်ငံ မြို့တော် ကာရာကာ့စ်၏ အရှေ့တောင်ဘက် ကီလိုမီတာ ၅၀၀ အကွာ ကလောဒက်အိုလီဗာမြို့ရှိ လယ်ထွန်စက်ထုတ်လုပ်ရေး ဖက်စပ်စက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသူ ချားဗက်ဇ်က အထက်ပါအတိုင်း ဝေဖန်လိုက်ခြင်းဖြစ်သည်။

ရင်ဆိုင်

ဗင်နီဇွဲလားနှင့် အခြားသောနိုင်ငံများသည် အမေရိကန်၏ ဖိအားပေးမှုများအတွက် အညံ့မခံကြရန်နှင့် ယင်းနိုင်ငံ၏ ခြိမ်းခြောက်မှုကို မကြောက်မရွံ့ ရင်ဆိုင်ရန် ခါတာမီက ပြောကြားသည်။ ခါတာမီသည် ဗင်နီဇွဲလားနိုင်ငံသို့ သုံးရက်ကြာခရီးစဉ်အဖြစ် ရောက်ရှိနေသည်။

မျှော်လင့်

ဖက်စပ်စီမံကိန်း တစ်ရပ်အဖြစ် တည်ဆောက်ခဲ့သော အဆိုပါလယ်ထွန်စက် စက်ရုံသည် တစ်နှစ်လျှင် လယ်ထွန်စက် အစီး ၅၀၀၀ ထုတ်လုပ်နိုင်မည်ဟု မျှော်လင့်ရသည်။

ပိုင်ဆိုင်

ရင်နီးမြှုပ်နှံမှု အမေရိကန် ဒေါ်လာ ၃၄ ဒသမ ၈ သန်းရှိ ယင်းစီမံကိန်း၏ အစုရှယ်ယာ ၄၂ ရာခိုင်နှုန်းကို ဗင်နီဇွဲလား ဂေယာနာ ကော်ပိုရေးရှင်းက ပိုင်ဆိုင်ပြီး ၅၁ ရာခိုင်နှုန်းကို အီရန်အိုင်တင်ကိုကုမ္ပဏီက ပိုင်ဆိုင်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်အရပ်သား သေဆုံးသူစာရင်း ကောက်ယူရန် အမေရိကန်နှင့်ဗြိတိန်တို့ကို တိုက်တွန်း

လန်ဒန် မတ် ၁၃

အမေရိကန်ဦးဆောင်၍ တိုက်ခိုက်သည့် အီရတ်စစ်ပွဲအတွင်း သေဆုံးခဲ့သည့် အီရတ်နိုင်ငံသားများ၏ ဦးရေကို စာရင်းကောက်ယူထားရန် နိုင်ငံတကာ ပြည်သူ့ကျန်းမာရေး ကျွမ်းကျင်သူများက အမေရိကန်နှင့် ဗြိတိန်အစိုးရတို့ကို သောကြာနေ့က တိုက်တွန်းပြောကြားကြသည်။

အီရတ်စစ်ပွဲနှင့်ပတ်သက်သည့် ဗြိတိန်နှင့်အမေရိကန်အစိုးရတို့၏ စာရင်းအင်းများအပေါ် မှီခိုနေရသော အသေအပျောက်ဦးရေမှာ ယုံကြည်လက်ခံနိုင်စရာ မရှိကြောင်း ဗြိတိန်၊ အမေရိကန်၊ ကနေဒါ၊ စပိန်၊ အီတလီနှင့် ဩစတြေးလျ နိုင်ငံတို့မှ ကျွမ်းကျင်သူများ၏ ပြောကြားချက်များကို သောကြာနေ့က ဖြန့်ချိသည့် ဗြိတိသျှ လန်းဆက်ဆေးပညာဂျာနယ်တွင် ဖော်ပြထားသည်။

ထောက်ပြ

အီရတ်ကျန်းမာရေးဌာနက ပေးပို့သည့် အသေအပျောက်စာရင်းတွင် အီရတ်စစ်ပွဲ စတင်ဖြစ်ပွားခဲ့သည့် ပထမနှစ်အတွင်း သေဆုံးမှုများ မပါဝင်ကြောင်း၊ စစ်ပွဲအတွင်း တိုက်ခိုက်မှုကြောင့်မဟုတ်ဘဲ သေဆုံးခဲ့ရသည့် သေဆုံးသူစာရင်းကိုလည်း စာရင်းထည့်သွင်းကောက်ယူခြင်းမရှိကြောင်း အဆိုပါ ကျွမ်းကျင်သူများက ထောက်ပြထားကြသည်။

သေဆုံးမှုဟူသည့် ပြဿနာနှင့်နောက်ဆက်တွဲ ပြဿနာဖြစ်သည့် ထိခိုက်ဒဏ်ရာရရှိမှု စသည့် ပြဿနာများကို နားလည်စေရန် ကူညီပံ့ပိုးပေးခြင်းအားဖြင့် သေဆုံးသူစာရင်းကောက်ယူခြင်းက ပစ္စုပ္ပန်နှင့်အနာဂတ်တွင် လူ့အသက်များအတွက် ကာကွယ်ပေးရာတွင် အထောက်အကူပြုနိုင်ကြောင်း ၎င်းတို့က ထုတ်ဖော်ပြောကြားကြသည်။

ခန့်မှန်းထား

၂၀၀၄ ခုနှစ် ဧပြီလနှင့် အောက်တိုဘာလအတွင်း အရပ်သားသေဆုံးသူ ၄၀၀၀ အောက်နှင့် ထိခိုက်ဒဏ်ရာရသူ ၁၅၀၀၀ ခန့်ရှိနိုင်ကြောင်း အီရတ်ကျန်းမာရေးဌာနက ခန့်မှန်းထားသည်။ အီရတ်စစ်ပွဲ ၂၀၀၃ ခုနှစ်က စတင်ဖြစ်ပွားပြီးခဲ့သည့်နောက် အီရတ်နိုင်ငံတွင် သေဆုံးခဲ့သည့် အရပ်သားဦးရေသည် ၉၈၀၀၀ ခန့်ရှိနိုင်ကြောင်း လန်းဆက်ဆေးပညာဂျာနယ်က လွန်ခဲ့သည့် အောက်တိုဘာလတွင် ရေးသားဖော်ပြခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့သော သားငယ်အား ဆေးရုံတွင် ဖခင်ဖြစ်သူက နှစ်သိမ့်နေသည်ကို မတ် ၁၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မီးလောင်

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ဘက် ၁၂၅ ကီလိုမီတာ အကွာရှိ သာသာဒေသတွင် တိုက်ခိုက်ခံရမှုကြောင့် မီးလောင်နေသော ရေနံပိုက်လိုင်းများကို မတ် ၁၃ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ဂျီးရီးယား၏ ခရီးသွားလုပ်ငန်းအတွက် ဈေးကွက်မဟာဗျူဟာချမှတ်မည်

လေဂို့စ် မတ် ၁၃

ကမ္ဘာ့ခရီးသွား လုပ်ငန်းအဖွဲ့နှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်တို့သည် နိုင်ဂျီးရီးယားနိုင်ငံအတွက် နိုင်ငံတကာ ခရီးသွားလုပ်ငန်း ဈေးကွက်စီမံကိန်း ချမှတ်ပြီး အကူအညီပေးမည်ဖြစ်ကြောင်း မီဒီယာသတင်းများက ကြာသပတေးနေ့တွင် ဖော်ပြသည်။

ယင်းစီမံကိန်းကို ၂၀၀၅ ခုနှစ် ဒီဇင်ဘာလထက် နောက်မကျဘဲပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး နိုင်ဂျီးရီးယားနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်လာရေးအတွက် ဈေးကွက်မဟာဗျူဟာ ချမှတ်မည်ဖြစ်ကြောင်း ယင်းအဖွဲ့အစည်းနှစ်ရပ်မှ အဖွဲ့ခေါင်းဆောင် ဂျီမီဖလန်နာရီ၏ ပြောကြားချက်ကို ကိုးကားလျက် နိုင်ငံပိုင် နိုင်ဂျီးရီးယားသတင်းဌာနက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်အဝေးပြေးလမ်းများပေါ်၌ ယာဉ်မတော်တဆဖြစ်မှုများ တိုးပွားလာ

နယူးယောက် မတ် ၁၃

စက်တင်ဘာ ၁၁ ရက် အကြမ်းဖက် တိုက်ခိုက်မှုဖြစ်ရပ် ဖြစ်ပွားပြီးချိန်နောက်ပိုင်း လေယာဉ်ဖြင့် ခရီးသွားလာရန် စိုးရိမ်ပူပန်လျက်ရှိကြသော အမေရိကန်နိုင်ငံသားများသည် ကုန်းလမ်းခရီးကိုအသုံးပြု၍ ခရီးသွားလာမှုများကို ပိုမိုပြုလုပ်လာရာ အကျိုးဆက်အဖြစ် အဝေးပြေးလမ်းများပေါ်၌ မော်တော်ယာဉ်မတော်တဆမှု ဖြစ်ပွားမှုနှုန်း မြင့်မားလာပြီး ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်နောက်ပိုင်း မော်တော်ယာဉ် မတော်တဆမှုများဖြင့် လူပေါင်း ၁၂၀၀ နီးပါး သေဆုံးခဲ့ရကြောင်း သုတေသီများက ကြာသပတေးနေ့တွင် ပြောကြားသည်။

သေဆုံးခဲ့ရ

စက်တင်ဘာ ၁၁ ရက် အကြမ်းဖက် တိုက်ခိုက်မှု၏ ဆိုးကျိုးသက်ရောက်မှု တစ်ရပ်အဖြစ် မော်တော်ယာဉ် မတော်တဆမှုများ ဖြစ်ပွားခဲ့ပြီး ယင်းကဲ့သို့သော မော်တော်ယာဉ် မတော်တဆမှုများကြောင့် သေဆုံးရသူဦးရေမှာ အကြမ်းဖက် တိုက်ခိုက်ခံရမှုကြောင့် သေဆုံးသူဦးရေထက် တစ်စစပိုမိုများပြားလာမည်ဖြစ်ကြောင်း လေ့လာချက် စစ်တမ်းတွင် ဖော်ပြထားသည်။

စက်တင်ဘာ ၁၁ ရက် အကြမ်းဖက် တိုက်ခိုက်မှုကြောင့် လူပေါင်း ၃၀၀၀ နီးပါး သေဆုံးခဲ့ရသည်။

၂၀၀၁ ခုနှစ်၏ နောက်ဆုံး သုံးလတာကာလအတွင်း အမေရိကန်တွင် အဝေးပြေးလမ်းများပေါ် မော်တော်ယာဉ် မတော်တဆမှုများကြောင့် ၇၂၅ ဦး သေဆုံးခဲ့ရကြောင်း၊ မော်တော်ယာဉ် မတော်တဆမှုများ တိုးပွားလာရခြင်းသည် ခရီးသည်များအနေဖြင့် လေယာဉ်စီးရန် ကြောက်ရွံ့မှုကြောင့် မော်တော်ကားများကို ပိုမို အသုံးပြုလာခြင်းနှင့် ဆက်စပ်လျက်ရှိကြောင်း လေ့လာချက်စစ်တမ်းတွင် ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ကန်တပ်ဖွဲ့ဝင်များကသတ်ပစ်

တီကရစ် မတ် ၁၃

အမေရိကန်တို့ လေ့ကျင့် ထူထောင်ပေးသည့် ရဲတပ်ဖွဲ့တွင်းမှ မသင်္ကာဖွယ်ဖြစ်ရသူများအား အရေးယူရာတွင် အမေရိကန် တပ်ဖွဲ့ဝင်များက ရဲတပ်ဖွဲ့ဝင်တစ်ဦး၏ နေအိမ်ကို ဝင်စီးပြီးနောက် ကြာသပတေးနေ့က ပစ်သတ်လိုက်ကြောင်း ရဲတပ်ဖွဲ့သတင်းရပ်ကွက်က ပြောဆိုသည်။

အသတ်ခံလိုက်ရသည့် ရဲတပ်ဖွဲ့ဝင်မှာ ဒီဂျီယာရဲစခန်းမှဖြစ်ပြီး ဘဂ္ဂဒက်မြို့တော်မြောက်ဘက်ရှိ ၎င်း၏ နေအိမ်ကို အမေရိကန်တပ်ဖွဲ့ဝင်များက ထိုနေ့အရဏ်မတက်မီကပင် ဝိုင်းထားပြီးမှ ထိုသို့ပစ်သတ် လိုက်ခြင်းဖြစ်ကြောင်း ဆင်ဟွာသို့ ပြောဆိုသည်။

အလားတူ ခွင့်မပြုသည့်စစ်ဆင်ရေးများကို ဆလာဟူဒင် ပြည်နယ်တွင်လည်း တွေ့ရသည်ဆို၏။

ရဲဂိုဒေါင်တွင် တရားမဝင် လက်နက်များ ရှာဖွေတွေ့ရှိပြီးနောက် ယင်းသို့ ဖမ်းဆီး အရေးယူခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။ ယင်းကိစ္စကို စစ်ဆေးပြီးနောက် ရဲအရာရှိ နှစ်ဦးကို ချက်ချင်းပြန်လွှတ်ပေးလိုက်သည်။***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်စီမံကိန်းဝန်ကြီး၏ ကိုယ်ရံတော်နှစ်ဦးပစ်သတ်ခံရ

ဘဂ္ဂဒက် မတ် ၁၃

အီရတ်နိုင်ငံတွင် လက်နက်ကိုင်များက စီမံကိန်းဝန်ကြီး အယ်လ်ဟာဖစ်စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်တန်းအား ဘဂ္ဂဒက်မြို့တွင် ဗုဒ္ဓဟူးနေ့က ပစ်ခတ်တိုက်ခိုက်သဖြင့် ၎င်း၏ ကိုယ်ရံတော်နှစ်ဦး သေဆုံးသွားသည်။

ကုသမှုခံယူ

တတိယမြောက် ကိုယ်ရံတော်သည်လည်း ယင်းတိုက်ခိုက်မှုအတွင်း ရရှိခဲ့သည့်ဒဏ်ရာဖြင့် ဆေးရုံသို့ တင်ပို့ကာ ခွဲစိတ်ကုသမှု ခံယူရကြောင်း စီမံကိန်းဝန်ကြီးက ပြောကြားသည်။

သို့ရာတွင် ဝန်ကြီးဟာမစ် ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း သိရသည်။

ဆက်သွယ်

မော်တော်ယာဉ်များ မိမိမော်တော်ယာဉ်၏ နောက်မှလိုက်လာပြီး သေနတ်များဖြင့် တရစပ်ပစ်ခတ်ကြကြောင်း၊ ယင်းကြောင့် ထိခိုက်ဆုံးရှုံးမှုဖြစ်ခဲ့ရကြောင်း ဟာဖစ်က အယ်လ်အာရေဗျရုပ်မြင်သံကြားသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြားသည်။

ယင်းသို့ အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် မိမိတို့က တိုင်းပြည်ကယ်တင်နိုင်ရန်နှင့် အီရတ် ပြည်သူလူထု၏ တည်ငြိမ်ရေးအတွက် ဆောင်ကြဉ်းရန် လုပ်ဆောင်ရာတွင် အဟန့်အတား ဖြစ်စေနိုင်မည်မဟုတ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ပြောက်ကျားများက အီရတ်တာဝန်ရှိ ပုဂ္ဂိုလ်များအား လုပ်ကြံသတ်ဖြတ် လျက်ရှိကြသည်။

ပြည်ထဲရေးဌာနမှ အထက်တန်းရဲအရာရှိတစ်ဦးကို အယ်လ်ခိုင်ဒါ အကြမ်းဖက်ကွန်ရက်နှင့် အဆက်အသွယ်ရှိသည့် ဇာကာဝီ၏အုပ်စုက မော်တော်ယာဉ် မောင်းနှင်ရင်း ယခုရက်သတ္တပတ် စောစောပိုင်းက ပစ်ခတ်သတ်ဖြတ်သွားခဲ့သည်။

ဘဂ္ဂဒက်ရှိ အီရတ်အုပ်ချုပ်ရေးကောင်စီ အကြီးအကဲကို လွန်ခဲ့သည့်နှစ်က သတ်ဖြတ်မှုမှာလည်း ဇာကာဝီအုပ်စု၏ လက်ချက်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် အစုအဖွဲ့ သဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းစည်းဝေး

ရန်ကုန် မတ် ၁၄

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့အလိုက် ဆွေးနွေးချက်များအရ စာတမ်းများပြုစုရေးနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့အသီးသီးမှ သဘာပတိ အဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ၊ ရှေ့နေချုပ် ဦးအေးမောင်၊ အတွင်းရေးမှူး ဦးသောင်းညွန့်နှင့် အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များ ဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့တို့မှ သဘာပတိအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက သဘာပတိအဖြစ်ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်က ဆောင်ရွက်သည်။

အမှာစကားပြောကြား

ရှေးဦးစွာ သဘာပတိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့အလိုက် ဆွေးနွေးချက်များအရ စာတမ်းများပြုစုတင်ပြရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို သဘာပတိအဖွဲ့ဝင်များနှင့် တွေ့ဆုံညှိနှိုင်းခြင်း ဖြစ်ပါကြောင်းဖြင့် အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ရှေ့နေချုပ် ဦးအေးမောင်၊ အတွင်းရေးမှူး ဦးသောင်းညွန့်နှင့် သဘာပတိအဖွဲ့ဝင်များက ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် သဘာပတိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်များအစုအဖွဲ့ သဘာပတိအဖွဲ့ဝင်များနှင့် တွေ့ဆုံညှိနှိုင်း အစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မွေးနေ့ပူဇော်ပွဲနှင့် စာအောင်သံဃာပူဇော်ပွဲ

ရန်ကုန် မတ် ၁၄

မဂ်လာဒုံမြို့နယ် တောတိုက်ရပ်ကွက် တောတိုက်ဓမ္မရိပ်သာကြီး၏ ဦးစီးပဓာနမဟာနာယက၊ မဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ ဓမ္မသာရမဟာထေရ် ဆရာတော်ကြီး၏ မွေးနေ့ပူဇော်ပွဲနှင့် သာသနဓဇ ဓမ္မာစရိယဘွဲ့ရ အရှင်တေဇနနှင့် စာအောင်သံဃာတော်အရှင်သူမြတ်များအားပူဇော်ပွဲကို ဧပြီ ၅ ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီ တွင် ကျင်းပပူဇော်မည်ဖြစ်ရာ တပည့်ယောဂီများ ကြွရောက်ကြည်ညို ပူဇော်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ဘွဲ့တံဆိပ်တော်ရဆရာတော်များ ထပ်ဆင့်ပူဇော်မည်

ရန်ကုန် မတ် ၁၄

တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)ကကြီးမှူး၍ ၂၀၀၅ခုနှစ် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ရွှေရောင်တော်ဆရာတော်၊ ကုန်းသာကန်ဦး ဆရာတော်နှင့် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဂျပန်နိုင်ငံရောက် ပြည်ပဘွဲ့ခံ ရှမ်းကိုင်းဆရာတော်တို့အား မတ် ၂၆ရက်(စနေနေ့) နံနက် ၈နာရီ တွင် ရန်ကုန်မြို့ တက္ကသိုလ်ဓမ္မာရုံ၌ ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များ၊ နယ်သူ/နယ်သားများ ကြွရောက်ပူဇော်ကြပါရန်နှင့် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်(ငြိမ်း) ဖုန်း-၆၉၉၆၀၂၊ ၆၉၉၈၆၅၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်စိုး ဖုန်း- ၅၃၉၇၃၈၊ ၆၅၁၉၄၃၊ ဘဏ္ဍာရေးမှူး ဒေါ်မိမိခိုင် ဖုန်း- ၂၄၃၉၉၂၊ ၆၄၀၈၆၈ နှင့် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

လှိုင်သာယာမြို့နယ် အမှတ်(၄၆) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၄-၂၀၀၅ခုနှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၅ရက်က အဆိုပါ ကျောင်းခန်းမ၌ ကျင်းပရာ ဒုတိယတန်း ပထမဆုရရှိသူ မအင်ကြင်းမေအား ကျောင်းအုပ်ဆရာကြီး ဦးအုန်းမြင့် ဆုချီးမြှင့်စဉ်။ (က-ပ)

ကြည့်ရှုစစ်ဆေး

မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွန်းနှင့် ခရိုင်နှင့်မြို့နယ် စိုက်ကြပ်အဖွဲ့များ မတ် ၉ရက်က မြို့သစ်မြို့နယ် မကြီးထူးရွာအနီး နတ်မောက်ဆည်လက်ယာမြောင်းသောက် နွေစပါးစိုက်ခင်းများ စိုက်ပျိုးနေခြင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (စိုက်ပျိုးရေး)

ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကျင်းပ

ရန်ကုန် မတ် ၁၄

AA Medical Products Ltd. နှင့် ကိုရီးယားသမ္မတနိုင်ငံ Hanmi Pharm Co., Ltd. တို့ ပူးပေါင်းစီစဉ်မှုဖြင့် Scientific Symposium on Irritable Bowel Syndrome & 3rd Generation Cephalosporin (Cefixime) ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ အခမ်းအနားကို ယမန်နေ့က ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Grand Plaza Park Royal Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ AA Medical Products Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးဇော်မိုးခိုင်နှင့် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ သဘာပတိ ရန်ကုန်ဆေးတက္ကသိုလ်(၁)မှ ဌာနမှူး ပါမောက္ခ ဒေါက်တာစောနိုင်တို့က အဖွင့်အမှာစကားပြောကြားကြသည်။

ထို့နောက် Hanmi Pharm Co., Ltd. မှ Export Team မန်နေဂျာ Mr. Y.S. Bang က ကုမ္ပဏီလုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း၊ Yonsei University College of Medicine မှ ပါမောက္ခ ဒေါက်တာ Hyo Jin Park က Irritable Bowel Syndrome နှင့် ပတ်သက်သည့် ဆေးဝါးဆိုင်ရာများကို လည်းကောင်း၊ Hanmi Pharm Co., Ltd. မှ Team Manager, Pharmacist Ms. Eun Young Seo က ကုမ္ပဏီမှ ထုတ်လုပ်သည့် ဆေးဝါးများနှင့် 3rd Generation Cephalosporin ပညာရပ်ဆိုင်ရာများကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဆေးဘက်ဆိုင်ရာ ပညာရှင်များ၏ သိလိုသည့် ဆေးပညာရပ်ဆိုင်ရာနှင့် ဆေးဝါးများအကြောင်း မေးမြန်းချက်များကို ပါမောက္ခ ဒေါက်တာစောနိုင်၊ ကိုရီးယားသမ္မတနိုင်ငံမှ ပါမောက္ခ ဒေါက်တာ Hyo Jin Park နှင့် Team Manager, Pharmacist Ms. Eun Young Seo တို့က ပြန်လည် ရှင်းလင်းဆွေးနွေးကြသည်။

(သတင်းစဉ်)





ပြန်လည်ရှင်းလင်း

ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ အခမ်းအနားတွင် သဘာပတိ ရန်ကုန်ဆေးတက္ကသိုလ်(၁) ဌာနမှူး ပါမောက္ခ ဒေါက်တာစောနိုင်နှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများ၏ ဆွေးနွေး မေးမြန်းချက်များကို ပြန်လည် ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

၁၄-၃-၂၀၀၅

မင်းဘူးမြို့	- ၄၀ ဒီဂရီစင်တီဂရိတ် (၁၀၄ ဒီဂရီဖာရင်ဟိုက်)
ပုသိမ်မြို့	- ၄၀ ဒီဂရီစင်တီဂရိတ် (၁၀၄ ဒီဂရီဖာရင်ဟိုက်)
ဘားအံမြို့	- ၄၀ ဒီဂရီစင်တီဂရိတ် (၁၀၄ ဒီဂရီဖာရင်ဟိုက်)

အသက်ရှည်စွာ အနာမဲ့ရေး(၈)

ဒေါက်တာလွင်ကို

"ကျွန်တော့် မိသားစုက ပူဇော်တဲ့ ဘုရားကိုးဆူ ပူဇော်ပွဲကို ကြွရောက်လာတာ ကျေးဇူးတင်ပါတယ် ဆရာ"

"ကျွန်တော်က ကျေးဇူးတင်ရမှာပါ ဦးလေးစံမောင်။ ကုသိုလ်ရေးတစ်ခုကို ဖိတ်ကြားတော့ ကျွန်တော်တို့လည်း ကုသိုလ်ပွားယူရတာပေါ့၊ နောက်ပြီး ဘုရားကိုးဆူပွဲ ဘာပြုလို့ ပူဇော်တယ်ဆိုတာကို ဘဝင်ကျကျ သိချင်လို့၊ ဘုရားကိုးဆူ ပင့်တဲ့ဆရာကြီးဆို ရှင်းပြနိုင်မှာပဲဆိုပြီး ဆေးခန်းပြီးပြီးချင်း လာခဲ့တာပါ ဦးလေး"

ပြောပြောဆိုဆို လှူဖွယ်အလင်းတိုင်၊ အမွှေးတိုင်နှင့် ဝေယျာဝစ္စ နဝကမ္မ ပူဇော်ကာ ဘုရားရှိခိုး ကန်တော့ပါသည်။

"ကျွန်တော့်မြေး အငယ်လေး ဝမ်းလျှောလိုက်၊ ဖျားလိုက်။ အကြီးက သစ်ပင်ပေါ်က ကျလိုက်၊ ခြေချော် လဲလိုက်နဲ့မို့ အန္တရာယ်ကင်းအောင်လို့ပါ ဆရာရယ်"ဟု ဦးစံမောင်က ပြောပါသည်။

"ဒါများဖြင့် ဦးစံမောင်ရယ် ဝမ်းပျက်စာကိုရှောင်၊ ရေချိုးမိုးချိုး ဆင်ခြင်၊ အမြင့်မတက်နဲ့၊ သိပ်မဆော့နဲ့လို့ ဆုံးမထားရင် ပြီးတာပါပဲ။ ယာဉ်အန္တရာယ်ကင်းချင်ရင် ယာဉ်မမောင်းနဲ့၊ မစီးနဲ့၊ လမ်းမထွက်နဲ့၊ ရေအန္တရာယ်ကင်းချင်ရင် မြစ်ရေ၊ ကန်ရေ မချိုးနဲ့၊ ရေလမ်း မသွားနဲ့ပေါ့၊ ဒီ့ထက်လေးနက်တဲ့ အဓိပ္ပာယ် ရှိဦးမှာပါ" ဟု ဦးလေးချောက ဝင်ထောက်၏။

"အဘ ဦးမောင်လေးခင်ဗျာ၊ ကျွန်တော်တို့ဆရာသိချင်တဲ့ ဘုရားကိုးဆူပူဇော်ခြင်းအကြောင်းကို မှတ်သားဖွယ် ရှင်းပြပါဦး"ဟု ဦးလေးစံမောင်က တောင်းဆိုသည်။

"ဒီလိုရှိပါတယ်ခင်ဗျ။ ဘုရားကိုးဆူပူဇော်မှုကို ပိဋကတ်တော်မှာ မတွေ့ရပါဘူး။ ဓမ္မပဒအဋ္ဌကထာမှာပါတဲ့ ဖြစ်ရပ်တစ်ခုကို အခြေပြုပြီး ဆောင်ရွက်ကြတာဖြစ်ပါတယ်။ ဘုရားရှင်ဟာ ဒီဃလင်္ဂီမြို့မှာ သီတင်းသုံးနေစဉ် ပုဏ္ဏားတစ်ဦးဟာ သူ့ရဲ့မွေးကင်းစသားလေး ခုနစ်ရက်အတွင်း ဘီလူးစားခံရမယ့် ကံကြမ္မာ

အလေးချိန် ၁၀၀ ဂရမ် (ဖဒ္ဒသမ၁၃ ကျပ်သား)တွင် ပါဝင်သော အာဟာရတန်ဖိုးများ (မြန်မာ့ဟင်းလျာ)

စဉ်	အမျိုးအစား	ကယ်လိုရီ	ပရိုတင်းဓာတ် ဂရမ်	အဆီဓာတ် ဂရမ်	ကစီဓာတ် ဂရမ်	ထုံးဓာတ် မီလီဂရမ်	ဗီတာမင်အေ အိုင်ယူ	ဗီတာမင် ဘီ-၁ မီလီဂရမ်	ဗီတာမင် ဘီ-၂ မီလီဂရမ်	နိုင်ယာခင် မီလီဂရမ်	ဗီတာမင်စီ မီလီဂရမ်	သံဓာတ် မီလီဂရမ်
၁	ငါးရံ့ခြောက်	၃၂၈	၆၆.၁	၇.၀	၀.၁	၀.၁	–	၀.၁၂	၀.၁၃	–	–	၉.၁
၂	ငါးသလဲထိုးခြောက်	၂၈၀	၇၁.၄	၃.၄	–	၁၇၀၀.၀	–	၀.၁	၀.၁၆	–	–	၂.၈
၃	ငါးပိရည်ကျို	၁၅၂	၁၅.၂	၈.၀	၃.၉	၂၂.၀	၁၇၀	၀.၀၂	၀.၁၆	၀.၈	–	၃.၄
၄	စိမ်းစားငါးပိ	၁၂၀	၁၈၃	၂.၂	၆.၅	၁၄၂၆.၀	–	၀.၀၁	–	–	–	၃.၀
၅	ပုစွန်ခြောက်	၃၃၈	၇၇.၁	၃.၀	–	၂၅၁.၀	–	၀.၀၆	၀.၂၇	၅.၇	–	၁၉.၆
၆	ပုစွန်တုပ်ကြီး	၉၄	၁၇.၉	၁.၄	၁.၂	၅၈.၀	၈၅	၀.၀၁	၀.၀၈	၃.၀	၂	၁.၀
၇	ငါးဖယ်	၈၉	၁၇.၅	၁.၆	၀	၄၅.၀	၁၈၇	၀.၀၄	၀.၀၇	၈.၅	–	၁.၂
၈	ငါးမြင်း	၉၉	၁၉.၈	၁.၆	၀	၇၄.၀	–	၀.၀၂	၀.၁၅	၅.၃	–	၀.၇
၉	ငါးရံ့	၈၉	၁၈.၅	၁.၆	၀.၀၄	၉၆.၀	၈၃	၀.၀၄	၀.၁၂	၂.၃	–	၁.၉
၁၀	ငါးသလောက်	၂၇၃	၂၁.၈	၁၉.၄	၂.၉	၁၈၀	–	–	–	–	–	၂.၁
၁၁	ကြက်ဥ	၁၃၅	၁၇.၄	၆.၀	၂.၀	၁၇.၀	၈၉	၀.၁၄	၀.၂၅	၇.၀	၀.၇	၁.၃၃
၁၂	ကြက်သားဟင်း	၂၈၃	၁၃.၀	၂၅.၀	၃.၀	၁၆.၀	၅၂၇	၀.၁	၀.၁	၆.၀	၄.၀	၁.၄
၁၃	ဝက်သားနှပ်	၃၃၈	၁၁.၀	၃၂.၀	၃.၀	၂၁.၀	၁၂၁	၀.၅	၀.၅	၀.၂	၃.၀	၂.၀
၁၄	ဆိတ်သားဟင်း	၂၀၀	၁၃.၀	၁၅.၀	၂.၀	၂၃.၀	၁၀၃	၀.၂	၀.၂	၃.၃	၃.၀	၂.၀
၁၅	ဘဲသားဟင်း	၁၀၈	၁၁.၉	၂၆.၄	၁.၇၉	၂၅.၀	၆၂	၀.၀၉	၀.၂၇	၄.၀၉	၁.၈၄	၁.၆၉
၁၆	ဘဲဥဟင်း	၂၀၉	၈.၉	၁၆.၇	၅.၄၁	၄၀.၈	၆၈၃	၀.၁	၀.၁၉	၀.၃၁	၆.၁၆	၂.၅၆
၁၇	မုန့်ဟင်းခါး	၁၅၈	၇.၀	၈.၀	၁၄.၀	၂၆.၀	၁၅၃	၀.၁	၀.၁	၁.၂	၆.၀	၁.၃
၁၈	အုန်းနို့ခေါက်ဆွဲ	၂၂၁	၈.၀	၁၇.၀	၁၀.၀	၂၄.၀	၂၂၇	၀.၁	၀.၁	၃.၀	၇.၀	၂.၀
၁၉	လက်ဖက်သုပ်	၁၆၀	၉.၀	၁၀.၀	၁၁.၀	၉၃.၀	၃၄၃	၀.၁	၀.၁	၀.၁	၃၁.၀	၁၉.၀
၂၀	လက်သုပ်စုံ	၁၇၅	၄.၀	၁၂.၀	၁၄.၀	၆၀.၀	၃	၀.၀၅	၀.၀၇	၀.၈	၇.၀	၂.၁၃

အလေးချိန် ၁၀၀ဂရမ် (ဖဒ္ဒသမ၁၃ကျပ်သား)တွင် ပါဝင်သော အာဟာရတန်ဖိုးများ(အသီးများ)

စဉ်	အမျိုးအစား	ကယ်လိုရီ	ပရိုတင်းဓာတ် ဂရမ်	အဆီဓာတ် ဂရမ်	ကစီဓာတ် ဂရမ်	ထုံးဓာတ် မီလီဂရမ်	ဗီတာမင်အေ အိုင်ယူ	ဗီတာမင် ဘီ-၁ မီလီဂရမ်	ဗီတာမင်ဘီ-၂ မီလီဂရမ်	နိုင်ယာခင် မီလီဂရမ်	ဗီတာမင်စီ မီလီဂရမ်	သံဓာတ် မီလီဂရမ်
၁	မက်မန်းသီး	၄၅	၀.၅	၀.၃	၁၁.၄	၁၀.၀	၅၀	၀.၀၂	၀.၀၅	၀.၅	၈	၀.၆
၂	ရှောက်သီး	၂၈	၀.၇	၀.၈	၇.၆	၃၂.၀	၈	၀.၀၄	၀.၀၂	၀.၁	၅၀	၀.၃
၃	ရှောက်ပန်းသီး	၃၉	၀.၆	၀.၁	၁၀.၀	၁၂.၀	၃၃	၀.၀၇	၀.၀၆	၀.၅	၃၈	၁.၀
၄	လိမ္မော်သီး	၄၁	၀.၇	၀.၂	၁၀.၂	၂၆.၀	၂၅၆	၀.၀၉	၀.၀၄	၀.၄	၄၂	၀.၂
၅	လိုက်ချီးသီး	၆၅	၀.၈	၀.၄	၁၆.၃	၁၀.၀	၀	၀.၀၅	၀.၀၆	၀.၆	၅၀	၀.၃
၆	သရက်သီးမှည့်	၆၂	၀.၆	၀.၃	၁၅.၉	၁၀.၀	၁၁၃၄	၀.၀၆	၀.၀၅	၀.၆	၃၆	၀.၃
၇	သရက်သီးစိမ်း	၆၀	၀.၆	၀.၄	၁၅.၃	၁၀.၀	၆၁	၀.၀၆	၀.၀၅	၀.၆	၆၂	၀.၂
၈	သံပရာသီး	၃၆	၀.၅	၂.၄	၅.၉	၁၃.၀	၆	၀.၀၃	၀.၀၂	၀.၁	၄၆	–
၉	သဘော်သီးမှည့်	၄၅	၀.၅	၀.၁	၁၁.၈	၂၄.၀	၃၉၁	၀.၀၃	၀.၀၅	၀.၄	၇၃	၀.၇
၁၀	သခွားသီးမှည့်	၂၆	၁.၀	၀.၃	၅.၆	၁၈.၀	၅၀	၀.၀၅	၀.၀၂	၀.၄	၂၅	၀.၅
၁၁	သစ်တော်သီး	၄၄	၀.၄	၀.၂	၁၁.၄	၁၀.၀	–	၀.၀၃	၀.၀၃	၀.၁	၄	၀.၆
၁၂	သလဲသီး	၇၂	၁.၀	၀.၆	၁၇.၇	၁၃.၀	၀	၀.၀၇	၀.၀၁	၀.၃	၇	၀.၇
၁၃	ဆီးဖြူသီး	၅၈	၀.၇	၀.၅	၁၄.၃	၂၉.၀	၃၃	၀.၀၃	၀.၀၄	၀.၂	၂၇၆	၀.၅
၁၄	တရုတ်ဆီးသီး	၈၂	၁.၆	၀.၄	၂၀.၅	၃၇.၀	၂၂	၀.၀၃	၀.၀၃	၀.၇	၄၆	၀.၈
၁၅	ထန်းသီး	၂၂	၁.၇	၀.၅	၂.၈	၈၆.၀	၂.၀	၀.၀၆	၀.၀၆	၀.၄	၂	၂.၈
၁၆	ထောပတ်သီး	၁၀၂	၁.၁	၆.၁	၁၃.၂	၁၂.၀	၁၁၃	၀.၀၅	၀.၁၀	၁.၄	၈	၀.၇
၁၇	ဒူးရင်းသီး	၁၂၄	၂.၅	၁.၆	၂၈.၃	၂၀.၀	၅	၀.၂၇	၀.၂၉	၀.၂	၃၇	၂၀.၉
၁၈	နာနတ်သီး	၄၇	၀.၇	၀.၃	၁၁.၆	၁၇.၀	၁၉	၀.၀၆	၀.၀၃	၀.၃	၂၂	၀.၅
၁၉	ပိန္နဲသီး	၁၅၂	၀.၉	၀.၆	၃၄.၈	၁၄.၄	၁၂၉	၀.၀၆	၀.၂၀	၀.၇	၇	၀.၄
၂၀	ပန်းသီး	၅၁	၀.၄	၀.၃	၁၃.၂	၁၀.၀	၁၁	၀.၀၂	၀.၀၃	၀.၂	၄	၀.၅
၂၁	ဖရဲသီး	၂၁	၀.၆	၀.၂	၄.၉	၈.၀	၇၇	၀.၀၃	၀.၀၃	၀.၂	၆	၀.၂
၂၂	မာလကာသီး	၆၉	၁.၀	၀.၄	၁၇.၃	၁၅.၀	၄၁	၀.၀၅	၀.၀၄	၁.၁	၁၃၂	၀.၇
၂၃	မရန်းသီးစိမ်း	၄၆	၁.၀	–	၁၁.၉	၉၀.၀	၀	၀.၀၄	၀.၀၃	–	၂၄၃	၀.၅
၂၄	မင်းကွတ်သီး	၅၇	၀.၅	၀.၃	၁၄.၇	၁၀.၀	၀	၀.၀၃	၀.၀၂	၀.၀၆	၄	၀.၅
၂၅	ကျွဲကောသီး	၃၉	၀.၇	၀.၃	၉.၅	၂၇.၀	၁၇	၀.၀၅	၀.၀၂	၀.၃	၅၃	၀.၅
၂၆	ငှက်ပျောသီးရခိုင်	၁၂၄	၀.၉	၀.၁	၃၀.၄	၁၉.၀	၁၂၄	၀.၀၁	၀.၀၂	၁.၆	၁၀	၀.၅
၂၇	ငှက်ပျောသီးဖီးကြမ်း	၁၀၈	၀.၈	၀.၁	၂၆.၅	၂၀.၀	၂၆၁	၀.၀၈	၀.၀၄	၀.၇	၇	၀.၃
၂၈	စပျစ်သီး	၅၀	၀.၅	၀.၃	၁၂.၈	၉.၀	၂၈	၀.၁၀	၀.၀၆	၀.၂	၄	၀.၆
၂၉	စတော်ဘယ်ရီ	၃၄	၀.၈	၀.၅	၇.၆	၂၅.၀	၆	၀.၀၄	၀.၀၃	၀.၄	၅၃	၀.၉
၃၀	ဇွေးချိုသီး	၄၆	၀.၂	၀.၁	၁၂.၄	၅၆.၀	၁၁၃	၀.၀၅	၀.၀၂	၁.၄	၃၆	၀.၃

အလေးချိန် ၁၀၀ဂရမ် (ဖဒ္ဒသမ၁၃ကျပ်သား)တွင် ပါဝင်သော အာဟာရတန်ဖိုးများ(မီးဖိုဆောင်သုံး)

စဉ်	အမျိုးအစား	ကယ်လိုရီ	ပရိုတင်းဓာတ် ဂရမ်	အဆီဓာတ် ဂရမ်	ကစီဓာတ် ဂရမ်	ထုံးဓာတ် မီလီဂရမ်	ဗီတာမင်အေ အိုင်ယူ	ဗီတာမင်ဘီ-၁ မီလီဂရမ်	ဗီတာမင် ဘီ-၂ မီလီဂရမ်	နိုင်ယာခင် မီလီဂရမ်	ဗီတာမင်စီ မီလီဂရမ်	သံဓာတ် မီလီဂရမ်
၁	ကြက်သွန်ဖြူ	၁၁၇	၃.၅	၀.၃	၂၇.၄	၁၈	–	၀.၂၄	၀.၀၅	၀.၄	၁၀	၁.၅
၂	ကြက်သွန်နီ	၃၈	၁.၆	၀.၂	၉.၀	၃၀	–	၀.၀၆	၀.၀၄	၀.၂	၉	၁.၀
၃	ကန်စွန်းဥ(ဝါ)	၁၁၅	၁.၂	၀.၃	၂၇.၁	၃၆	၉၂၄	၀.၁၂	၀.၀၅	၆.၀	၃၀	၀.၉
၄	ဂျုံးမြစ်	၃၇	၀.၆	၀.၅	၇.၅	–	–	–	–	–	–	၀.၁
၅	မှို	၂၈	၂.၅	၀.၃	၅.၃	၁၇	၈	၀.၁၁	၀.၀၉	၀.၆	၉	၀.၉
၆	မှိုချဉ်	၃၄	၂.၂	၁.၀	၅.၇	၂၁	၀	၀	၀	–	၀	၁.၁
၇	မုန်လာဥ(ဝါ)	၃၇	၁.၁	၀.၃	၈.၃	၃၆	၃၈၅၀	၀.၀၆	၀.၀၅	၀.၇	၈	၁.၂
၈	မုန်လာဥ(နီ)	၄၄	၁.၆	၀.၂	၁၀.၀	၂၃	–	၀.၀၂	၀.၀၄	၀.၃	၆	၁.၁
၉	အာလူး	၈၂	၂.၀	၀.၁	၁၈.၇	၉	–	၁.၀၁	၀.၀၄	၁.၆	၁၈	၀.၈
၁၀	ကုလားပဲခြမ်း	၃၆၈	၁၈.၆	၄.၂	၆၃.၉	၁၂၆	၈	၀.၂၇	၀.၂၆	၁.၂	–	၁.၄
၁၁	စားတော်ပဲပြုတ်	၂၄၇	၁၆.၅	၁.၀	၄၄.၆	၄၂	၃၉	၀.၇၇	၀.၁၈	၁.၁	–	၃.၃
၁၂	တို့ဟူး	၁၅၇	၁၀.၃	၁၉.၀	၁.၁	၃၁၀	–	–	၀	–	–	၄.၇
၁၃	ပဲပုပ်အခြောက်	၄၀၀	၃၅.၀	၁၈.၀	၃၂.၀	၂၂၆	၆	၀.၆၆	၀.၂၂	၂.၂	၀	၈.၅
၁၄	ပဲကြီး	၃၅၂	၂၄.၆	၀.၈	၆၁.၀	၁၇၈	–	–	–	–	–	၃.၉
၁၅	ပဲရာဇာ	၃၅၀	၂.၂	၁.၅	၆၀.၆	၈၂	–	၀.၃၃	၀.၂၂	–	–	၇.၅
၁၆	ပဲစင်းငုံ	၃၅၁	၂၂.၂	၁.၅	၆၂.၃	၁၁၂	၈၈	၀.၃၆	၀.၃၁	၂.၂	–	၅.၂
၁၇	နှမ်းဆီ	၈၈၁	၀.၂	၉၉.၇	၀.၁	၁၀.၀	၀	၀.၀၁	၀.၀၇	၀.၁	၀	၀.၁
၁၈	မြေပဲဆီ	၈၈၄	–	၉၉.၉	၀	၀	၀	၀	၀	၀	၀	၀
၁၉	စားအုန်းဆီ	၈၈၃	–	၉၉.၉	၀	၂.၀	–	–	–	–	–	–
၂၀	ထမင်း(ဆန်ဖြူ)	၁၅၅	၂.၅	၀.၄	၃၄.၂	၅.၀	၀	၀.၀၂	၀.၀၁	၀.၃	၀	၀.၆

ပါကြောင်း ဗေဒင်နက္ခတ်ဆရာကဟောလို့ မြတ်စွာဘုရားထံ သနားကရုဏာထားပြီး ကယ်မတော်မူပါလို့ လာလျှောက်ထားပါတယ်။ မြတ်စွာဘုရားက အတိတ်ဖြစ်စဉ်ကို ပြန်ကြည့်တော့ သူတို့ဘဝ ဆုတောင်းနဲ့ သူတို့၊ တစ်ဦးနဲ့ တစ်ဦး လက်စားချေရပါလို၏။ ကိုယ့်သားစားခံရပါလျှင် သူ့သားကိုပြန်စားရပါလို၏လို့ ဆုတောင်းခဲ့တာ၊ သမင်နဲ့ ကျားဖြစ်လိုက်၊ ဘီလူးနဲ့ လူဖြစ်လိုက်နဲ့ လက်တုံ့ပြန် သံသရာတွေရှည်ပြီး အကုသိုလ် ဖြစ်စဉ်တွေ ချုပ်ငြိမ်းစေလိုတာကြောင့် ပုဏ္ဏားအိမ်ရှေ့မှာ မဏ္ဍပ်ထိုး၊ ကလေးငယ်ကိုအလယ်မှာထား၊ ရဟန္တာရှစ်ပါးရံပြီး ၁၆ ပါးကို နေ့ရော၊ ညပါ ခုနစ်ရက်ပတ်လုံး ပရိတ်ရွတ်ဖတ်စေပါတယ်။ ခုနစ်ရက်မြောက်တဲ့နေ့မှာ မြတ်ဘုရား ကိုယ်တော်တိုင် ကြွရောက်တော်မူပါတယ်။ နတ်၊ ဗြဟ္မာတွေက ပရိတ်တော်နာကြားဖို့နဲ့ ဘုရားရှင်ကို ဖူးမြင်ဖို့ မဏ္ဍပ်ဝန်းကျင်မှာ ပြည့်နေတဲ့အတွက် ကလေးကိုစားမယ့် "အဝရုဒ္ဓ" ဘီလူးဟာ ကလေးနား မကပ်နိုင်တော့ပါဘူး။ ရှစ်ရက်မြောက်သောနေ့မှာ ပုဏ္ဏားက ကလေးကိုချီပြီး ဗုဒ္ဓဘုရားကို ရှိခိုးစေပါတယ်။ ဗုဒ္ဓက "အသက်ရှည်စေသော်" လို့ မေတ္တာစကားမိန့်လိုက်တော့ ကလေးအမည်ကလည်း အာယုဝဍ္ဎန မောင်သက်ရှည်လို့ အမည်တွင်ပါတော့တယ်။ မြတ်စွာဘုရားလက်ထက်က ဘယ်ရဟန္တာတွေ ပါဝင်တယ်ဆိုတာ မှတ်တမ်းမတွေ့ရပေမယ့် အခုကျွန်တော်တို့ ဘုရားကိုးဆူပွဲတွေမှာတော့ တိတိကျကျ သတ်သတ်မှတ်မှတ် ဆောင်ရွက်ကြပါတယ်။ အရှေ့မြောက်ထောင့်မှာ အရှင်ရာဟုလာ၊ အရှေ့မှာ ရှင်ကောဏ္ဍည၊ အရှေ့တောင်မှာ ရှင်ရေဝတ၊ တောင်အရပ်မှာ ရှင်သာရိပုတ္တရာ၊ ရှင်ဥပါလိက အနောက်တောင်ထောင့်၊ ရှင်အာနန္ဒာက အနောက်၊ ရှင်ဂဝံပတိက အနောက်မြောက်နဲ့ ရှင်မောဂ္ဂလန်ကိုယ်တော်ကြီးကို မြောက်အရပ်မှာ ပင့်ဖိတ်ထားလေ့ရှိကြပါတယ်။ ဗုဒ္ဓရှင်တော်မြတ်ကတော့ အလယ်ပလ္လင်မှာပေါ့"

"အဘ မသိလို့မေးတာပါနော် ဘယ်လိုမှ မအောက်မေ့ပါနဲ့။ ဂြိုဟ်မင်းကြီးတွေကိုလည်း ပင့်ဖိတ်ရတယ်မို့လား။ ဒါဆို လောကီဆန်သွားပြီပေါ့"

"ဟုတ်ပါတယ်ဆရာ။ ဂြိုဟ်ကြီးကိုးလုံးကိုလည်း ပင့်ဖိတ်ပူဇော်ကျွေးမွေးရပါသေးတယ်။ ဗေဒင်ကိန်းခန်းအရ ကံဇာတာနိမ့်ကျတဲ့အခါမျိုး၊ ဂြိုဟ်စီးဂြိုဟ်နင်းရှိတဲ့အခါမျိုးနဲ့ လောကီနည်းအရ ကျန်းမာသက်ရှည်ရန်နဲ့ ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာ တိုးတက်ရန်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဘာသာရေးဆိုင်ရာကို ရှေ့ထားပြီး လောကီနည်းပါ စီမံခြင်းဖြစ်ပါတယ်ခင်ဗျ"

"ကျေးဇူးတင်ပါတယ်အဘ။ မြတ်ဗုဒ္ဓကတော့ ရန်ကိုရန်ချင်း၊ လက်စားချေလို၊ တောင်းဆုဆိုကာ မတုံ့နှင်းစေဖို့၊ တစ်ဦးနှင့်တစ်ဦး မကျေနပ်မှုများကို လက်တုံ့ပြန်ခြင်းနည်းဖြင့် ဖြေရှင်းနေကြရင် သံသရာရှည်သည်ထက်ရှည်၊ ဘဝတွေနိမ့်သည်ထက် နိမ့်သွားမှာစိုးလို့ စံပြဥပမာတစ်ခုအနေနဲ့ ကလေးငယ်ကို မောင်သက်ရှည်လေးဖြစ်စေပြီး ရန်ကြွင်းရန်စကို ငြိမ်းပေးလိုက်တာပေါ့နော်"

"ဆရာပြောတာဟုတ်တယ်ခင်ဗျ၊ မြတ်စွာဘုရားရဲ့ မဟာကရုဏာတော်ဆိုတာ သိပ်လေးနက်တာပါ"ဟု ဦးလေးချောက ထောက်ခံဖြည့်စွက်ပါသည်။

"ဆရာတို့ စကားကောင်းနေတာတော့ သိပါတယ်။ အုန်းနို့ခေါက်ဆွဲ ပွဲတွေပြင်ပြီးနေပြီမို့ ဒီဘက်ဝိုင်းမှာ ဆက်ဆွေးနွေးကြပါရှင်" ဟု အိမ်ရှင် ဒေါ်စောခင်က ဖိတ်ကြားသဖြင့် စကားဝိုင်းမှာ စားဝိုင်းသို့ ပြောင်းကြပါသည်။

"အန်တီဒေါ်စောခင်ရဲ့ အုန်းနို့ခေါက်ဆွဲက အလွန်စားလို့ ကောင်းပါတယ်။ နံနက်ပိုင်း ဒါမှမဟုတ် နေ့လယ်ပိုင်းဆို ပိုကောင်းမှာ"

"ရပါတယ်ဆရာ မနက်ဖြန်နံနက် ဆရာ့အိမ် ပို့ပေးပါမယ်"

"ဒီအဓိပ္ပာယ် မဟုတ်ပါဘူးခင်ဗျာ။ အုန်းနို့ဆိုတော့ အဆီအဆိမ့်များတယ်မို့လား။ ညစားပြီးရင် ခန္ဓာကိုယ် သိပ်လှုပ်ရှားမှု မရှိတော့တဲ့အတွက်ကြောင့် စားပြီးလို့ သွေးကြောထဲရောက်တဲ့ အဆီဓာတ်ဟာ အနည်ထိုင် လွယ်တာပေါ့။ ဒါကြောင့် နှလုံးသွေးကြောရောဂါ၊ သွေးတိုးရောဂါရှိသူများနဲ့ သက်ကြီးရွယ်အိုများ ညအချိန် အဆီအဆိမ့် မစားသင့်တဲ့သဘောပါ"

"ဟုတ်ကဲ့ပါဆရာ မှတ်ထားပါမယ်၊ သံပရာသီးချဉ်ချဉ်၊ ကြက်သွန်များများထည့်စားရင် အအီပြေပါလိမ့်မယ်"

ဦးလေးချော၏ဇနီး အမေဒေါ်တင်ညွန့်တို့အဖွဲ့ ရောက်လာ၍ ယခင်အပတ်က ကျွန်တော်ပေးလိုက်သော အာဟာရနှင့် ပတ်သက်သည့် ဇယားများ အကြောင်း ဝေဖန်ပါတော့သည်။

"ဆရာရယ် ဆရာကတော့ စာရင်းဇယားတွေ အမျိုးမျိုးနဲ့ ကျွန်မတို့ အိမ်ရှင်မများကို ချာချာလည်စေပါပြီ၊ လူတစ်ယောက်ရဲ့လိုအပ်ချက် ကယ်လိုရီ ဘယ်လောက်၊ ပရိုတင်းဘယ်လောက်၊ ဗီတာမင်နဲ့ မင်နရယ်ဘယ်လောက်လို့သာ ဆိုထားတာ။ ကျွန်မတို့ ဆက်သိချင်တာက ထမင်းတစ်ကျပ်သား၊ တစ်ဆယ်သားမှာ ကယ်လိုရီဘယ်လောက်၊ ဥပမာ ဥ-အုန်းနို့ခေါက်ဆွဲ တစ်ဆယ်သားမှာ ဘာဓာတ်တွေ ဘယ်လောက်ပါဝင်နိုင်တယ်ဆိုတာမျိုး၊ ပဲစင်းငုံဟင်းရည်၊ ပဲကုလားဟင်း၊ မှိုစ်၊ ချဉ်ပေါင်ကြော်၊ အစိမ်းကြော်၊ ငါးပိချက် စသည်ဖြင့်ပေါ့လေ၊ ဒါမှကျွန်မတို့က လိုအပ်ချက်နဲ့ ပါဝင်မှုယှဉ်ပြီး ချိန်ဆချက်ပြုတ်နိုင်ကြမှာပါ"

"ဒီစကားကြားရတာ ဝမ်းသာလိုက်တာခင်ဗျာ။ အမေတို့၊ ဒေါ်ဒေါ်တို့ သိချင်စိတ်ကို စောင့်နေတာပါ။ ကျွန်တော့ဘက် က အလုံးစုံနီးပါး ဖြန့်ဖြူးဝေငှနိုင်အောင် စုဆောင်းထားပါတယ်။ စာရွက်ပေါ်မှာ ကိုယ်သိချင်တဲ့ ဟင်းအမည်၊ အသီး၊ အရွက်အမည်များ ရေးပေးလိုက်ပါ။ ကျွန်တော့ ကွန်ပျူတာထဲမှာ စုဆောင်းထားတဲ့ထဲက ထုတ်ယူပြီး မနက်ဖြန်ဝေငှပေးပါ့မယ်"

"တကယ်လား ဆရာ၊ ဘာတွေရေးရမှာလဲ"

"ရေးချင်တာသာ ရေးချလိုက်ပါ၊ ဦးနှောက်နဲ့ မစဉ်းစားဘဲ ပါးစပ်မှာ စားဖူးတဲ့ စားစရာတွေကိုသာ ရေးချလိုက်ပါ။ ဥပမာ-လက်ဖက်သုပ်၊ အသုပ်စုံ၊ ထမနဲ၊ ထိုးမုန့်၊ နံပြား၊ ဆန္ဓင်းမကင်း၊ စာကလေးခွေ၊ ပေါင်မုန့်၊ ထောပတ်သုပ်၊ လိမ္မော်သီး၊ သရက်သီး၊ သဘော်သီး၊ ငါးသလဲထိုး၊ ငါးသလောက်၊ ငါးရှဉ့် စသည်တို့ရဲ့ ၁၀၀ ဂရမ်မှာ ကယ်လိုရီ ဘယ်လောက်၊ ပရိုတင်း၊ အဆီ၊ ကစီဓာတ် ဘယ်နှဂရမ်၊ ဗီတာမင်ဘယ်လောက် မီလီဂရမ် စသည်ဖြင့် ဖော်ပြပေးပါမယ်။ ကျွန်တော် ၁၀ စုံထုတ်ထားပါမယ်။ မနက်ဖြန် ၇ နာရီဆို လာယူနိုင်ပါပြီ။ အဲဒီ ၁၀ စုံကနေပြီး ကုသိုလ်ဖြစ် ဝေငှပေးကြပါလို့ ပန်ကြားပါရစေ"

"ဆရာမဒေါ်ညွန့်ညွန့်ချောတို့ဆိုရင် မိမိတို့အတန်းထဲက ကျောင်းသူကလေးများကိုပြောပြ၊ ဆရာမအချင်းချင်းဆွေးနွေးကြနဲ့ ဗဟုသုတပြန့်ပွားအောင် လုပ်ပေးကြပါတယ်။ အန်တီဒေါ်တင်ကြည်တို့၊ အန်တီမြင့်တို့ကလည်း ရပ်ကွက်မှာ ဦးဆောင်ဦးရွက်ပြုနေကြလေတော့ အာဟာရဗဟုသုတ ပြန့်ပွားရေးအသင်းထောင်၊ နှစ်ပတ်တစ်ခါဆိုသလို စုပေါင်းချက်ပြုတ်ထားပြီး အာဟာရဗဟုသုတ ဆွေးနွေးဖြန့်ဖြူးခြင်းအားဖြင့် နိုင်ငံတော်ရဲ့ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍမှာ အကျိုးပိုပြုနိုင်တာပေါ့။ ဂျပန်နိုင်ငံမှာ ဒီလိုလုပ်ကြတာ ကျွန်တော်တွေ့ဖူးပါတယ်"

"ဆရာ၊ ကျွန်မ မနက်ဖြန်ခါဈေးကအပြန် ဝင်ယူမယ် ဆရာ"

"ကျွန်မကတော့ ဈေးအသွားကတည်းက ဝင်ယူပါ့မယ်"

ကျွန်တော် ကွန်ပျူတာရှေ့တွင် ယနေ့ည အချိန်အတော်ကြာထိုင်ရပါဦးမည်။ လိုလားသူများ၊ လိုအပ်သူများအတွက် ဗဟုသုတရှာကြံပေးရမည်ဟူသော အသိကြောင့် ပင်ပန်းမည်မထင်၊ ဝမ်းသာ၍ပင်နေပါသေးသည်။ ။

ဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၄

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ မြို့မအလယ်ကျောင်းတိုက် ပဓာန နာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် ဘဒ္ဒန္တပညာဝံသမဟာထေရ်အား နိုင်ငံတော်က ချီးမြှင့်ဆက်ကပ်သည့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ အထိမ်းအမှတ်အဖြစ် တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ၏ စုပေါင်းပူဇော်ဂုဏ်ပြုပွဲကို မတ် ၂၅ရက်(သောကြာနေ့)တွင် တာမွေမြို့နယ် အောင်မင်္ဂလာလမ်း မင်္ဂလာသုခပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ (က-ပ)

လယ်တီစံရိပ်သာ တရားစခန်းပွဲ

ရန်ကုန် မတ် ၁၄

ပုဇွန်တောင်မြို့နယ် မဟာစည်သြဝါဒခံ လယ်တီစံသာသနာ့ရိပ်သာတွင် လစဉ် ၂၁ ရက်မှ ၃၀ ရက်အထိ အချိန်ပြည့် တရားစခန်းဖွင့်လှစ်လျက်ရှိရာ တရားအားထုတ်လိုသူများသည် မတ် ၂၀ ရက် ညနေ ၄ နာရီအရောက် ကြွရောက်ကြရန်နှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ လှူဒါန်းလိုသူများသည် ဖုန်း-၂၀၁၆၃၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

နှစ်(၆၀)ပြည့် တပ်မတော်နေ့စစ်ရေးပြ စစ်ကြောင်းကြီးများ တပ်ပါချီတက်လေ့ကျင့်

ရန်ကုန် မတ် ၁၄

၂၀၀၅ခုနှစ်နှစ်(၆၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများသည် ယနေ့နံနက် ၆နာရီမှ ၉နာရီ ၄၅မိနစ်အထိ ရန်ကုန်မြို့ရှိ မြို့မကွင်းမှ တော်လှန်ရေးပန်းခြံသို့ အသွားအပြန် တပ်ပါချီတက်လေ့ကျင့်မှုများကို စစ်ရေးပြအမိန့်စဉ်များအတိုင်း ဆက်လက်လေ့ကျင့်ကြသည်။

စစ်ရေးပြလေ့ကျင့်

ယင်းသို့ တပ်ပါစစ်ရေးပြလေ့ကျင့်မှုများကို စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ညီထွန်း ဦးဆောင်၍ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ကျော်ဦး ဦးဆောင်သည့် အနော်ရထာ စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး သာအောင် ဦးဆောင်သည့် ကျန်စစ်သားစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး အောင်ကျော်ဦး ဦးဆောင်သည့် ဘုရင့်နောင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး အောင်ဇော်ဝင်း ဦးဆောင်သည့် နဝဒေးစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးမျိုးဝင်း ဦးဆောင်သည့် အောင်ဇေယျစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး ခင်အောင်မြင့် ဦးဆောင်သည့်ဆင်ဖြူရှင်စစ်ကြောင်း၊စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခင်မောင်ဦး ဦးဆောင်သည့် ဗန္ဓုလစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးဝင်းဆွေ ဦးဆောင်သည့် မြဝတီ စစ်ကြောင်းနှင့် စစ်ကြောင်းမှူး ဗိုလ်မှူးကြီး သိန်းဇော် ဦးဆောင်သည့် အောင်ဆန်းစစ်ကြောင်းတို့မှတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက တပ်ပါ စစ်ရေးပြလေ့ကျင့်ကြသည်။

တပ်ပါစစ်ရေးပြလေ့ကျင့်မှုများကို နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ် လှရွှေနှင့် တပ်မတော်အရာရှိကြီးများ လာရောက်ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

ရွှေမြင့်မိုရ်ကျောင်းတိုက် မိုးကုတ်တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၄

မိုးကုတ် ဝိပဿနာ အဖွဲ့ချုပ်မှ ဓမ္မကထိက ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာန နာယက ဆရာတော် ဗဟုဇနဟိတဓရ ဘဒ္ဒန္တ သောဘဏ (ဒီဃနိကာယကောဝိဒ သာသနဓဇ သိရီပဝရဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ မတ် ၁၈ရက်မှ၂၇ရက်အထိမိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၅၇၁၂၅၈သို့ဖြစ်စေ မတ် ၁၇ရက်အရောက် ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။ (က-ပ)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ စစ်ကြောင်းကြီးများ တပ်ပါချီတက်လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ထပဆ)

မြန်မာ-မလေးရှားစီးပွားရေးအလုပ်အကိုင် အခွင့်အလမ်းများဆိုင်ရာ နှီးနှောဖလှယ်ပွဲကျင်းပ

ရန်ကုန် မတ် ၁၄

မြန်မာ-မလေးရှားစီးပွားရေး အလုပ်အကိုင်အခွင့်အလမ်းများဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

နှီးနှောဖလှယ်ပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၊ အလုပ်သမားဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီးဦးသောင်း၊ မလေးရှားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Dato' Seri Rafidah Aziz၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယ ဗိုလ်မှူးကြီး ခင်မောင်ကျော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ် အောင်ထွန်း၊ စွမ်းအင် ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ဝန်ကြီးဌာနများအောက်ရှိ ဌာနများမှ ဌာနအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံသံမတ်ကြီး H.E. Dato' Cheah Sam Kip၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေ အတွင်းရေးမှူး ဦးဇော်မင်းဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာ စီးပွားရေးလုပ်ငန်းရှင်များ၊ မလေးရှားနိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နှုတ်ခွန်းဆက်

ရှေးဦးစွာ သဘာပတိ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးဇော်မင်းဝင်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်းက ယခုနှီးနှောဖလှယ်ပွဲမှ နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက်ကဏ္ဍာပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီး ဦးသောင်းက မြန်မာ-မလေးရှား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဧည့်သည်တော် မလေးရှားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီးကမလေးရှား-မြန်မာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ထို့နောက် နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသော မြန်မာနှင့် မလေးရှား စီးပွားရေးလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ၏ ဆွေးနွေးမေးမြန်းကြသည်များကို မလေးရှားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး နှီးနှောဖလှယ်ပွဲကို ခေတ္တရပ်နားသည်။

ထို့နောက် မွန်းလွဲ ၂နာရီခွဲတွင် မြန်မာ စီးပွားရေးလုပ်ငန်းရှင်များနှင့် မလေးရှားနိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ကိုယ်စားလှယ်အဖွဲ့ဝင်များ တွေ့ဆုံ၍ မြန်မာ-မလေးရှား စီးပွားရေး အလုပ်အကိုင် အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ စီးပွားရေးလုပ်ငန်းများအကြောင်းကို မိမိတို့ စိတ်ဝင်စားရာကဏ္ဍာအလိုက် အပြန်အလှန်ဆွေးနွေးကြပြီး မြန်မာ-မလေးရှား စီးပွားရေး အလုပ်အကိုင် အခွင့်အလမ်းများဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ဂုဏ်ပြုညစာ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက ရန်ကုန်မြို့တွင် ရောက်ရှိနေသော မလေးရှားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး H.E.Dato'Seri Rafidah Aziz ခေါင်းဆောင်သော ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ကိုယ်စားလှယ် အဖွဲ့အား ယမန်နေ့ညပိုင်းတွင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော် ဥတ္တရဆောင်၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာ စားပွဲသို့အလုပ်သမားဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီးဦးသောင်း၊စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာမ လေးရှားနိုင်ငံသံအမတ်ကြီး H.E.Dato' Cheah Sam Kip၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယမန်နေ့ ညနေပိုင်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က မြန်မာကွန်ဗင်ရှင်းစင်တာ၌ မြန်မာ့ထွက်ကုန်ပစ္စည်းများခင်းကျင်းပြသပြီး မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ဆလိုက်ကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ မလေးရှားနိုင်ငံမှ ရောက်ရှိလာသော စီးပွားရေးလုပ်ငန်းရှင် ၅၀ကျော်တို့က မေးမြန်းဆွေးနွေး လေ့လာကြသည်။ (သတင်းစဉ်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း မြန်မာ-မလေးရှား စီးပွားရေး အလုပ်အကိုင် အခွင့်အလမ်းများဆိုင်ရာ နှီးနှောဖလှယ်ပွဲ၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

☆ ပဲခူးတိုင်းသည် လုံလောက်သည့် လူဦးရေရှိပြီး ရေသယံဇာတ၊ မြေသယံဇာတ ပေါကြွယ်ဝသည့် တိုင်းနယ်မြေဖြစ်။
☆ အသိပညာရှင်၊ အတတ်ပညာရှင် စသည့် ပညာတတ်အရင်းအမြစ်များ ပေါက်ဖွားရာဒေသလည်းဖြစ်။
☆ ထို့ကြောင့် တက်တက်ကြွကြွ ကြံစည်ကြိုးပမ်း အားထုတ်လိုက်မည် ဆိုလျှင် အခြေအနေကောင်းများ ရှိပြီးဖြစ်သည့် ပဲခူးတိုင်းသည် အမှန်တကယ် ပိုမိုတိုးတက်သွားမှာဖြစ်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ တောင်ငူခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာများအား တွေ့ဆုံလမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

ကိုယ်တိုင် ဦးစီးခေါင်းဆောင်၍ ပဲခူးတိုင်းအတွင်း ရောက်ရှိလာသည့် ခရီးစဉ်တွင် ပဲခူးတိုင်းသည် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်မှုရှိအောင် ကြိုးပမ်းဆောင်ရွက်နေကြသည်ကို တွေ့မြင်နေရ၍ ဝမ်းမြောက်ဝမ်းသာဖြစ်မိပါကြောင်း။

ယခုကဲ့သို့ ဒေသအတွင်း တိုးတက်ဖွံ့ဖြိုးမှုနှင့် အောင်မြင်မှုများ ရရှိနေခြင်းမှာလည်း ရပ်ရွာဒေသတည်ငြိမ်အေးချမ်းနေ၍ဖြစ်ကြောင်း။

ပဲခူးတိုင်းအပါအဝင် ပြည်ထောင်စုကြီး၏ ပြည်နယ်/တိုင်း အသီးသီး၌ ပြည်သူများသည် မိမိတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုံခြုံအေးချမ်းစွာ ဒေသမရွေး၊ အချိန်မရွေး သွားလာဆောင်ရွက်နေနိုင်ကြပြီဖြစ်၍ နိုင်ငံတော်တစ်ဝန်းလုံး စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်လာလျက် ရှိနေခြင်းဖြစ်ကြောင်း။

သိသာမြင်သာ

စီးပွားရေးအခြေအနေ တိုးတက်လာသည်နှင့်အမျှ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုရေးကဏ္ဍများသည်လည်း တစ်ပါတည်း တိုးတက်မြင့်မားလာလျက်ရှိကြောင်း၊ ယင်းတိုးတက်ဖွံ့ဖြိုးမှု အခြေအနေများကို ကိန်းဂဏန်းအရသာမက မျက်မြင်တွေ့ရှိချက်များအရလည်း သိသာမြင်သာလျက်ရှိကြောင်း။

ယင်းသို့ တည်ငြိမ်အေးချမ်းပြီး တိုးတက်မှုရရှိနေသည့် နိုင်ငံတော်၏ အခြေအနေကောင်းများကို မိမိတို့အားလုံး ဆက်လက်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် အရေးကြီးကြောင်း။

ဦးဆောင်မှုကောင်း၊ စေတနာကောင်းများဖြင့် အမြော်အမြင်ရှိရှိ နိုင်ငံတော်အပိုင်း၏ ကြိုးပမ်းဆောင်ရွက်မှုများအပေါ် ပြည်သူများက နားလည်လက်ခံ ပူးပေါင်းဆောင်ရွက်ကြသဖြင့် နိုင်ငံတော်၏အခြေအနေ အရပ်ရပ်သည်

ဖြူးချောင်းရေ...
စီမံကိန်းပြီးစီးက...

ရှင်းလင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ရှင်းလင်းဆောင်၌ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

✧ **ကျောဖုံးမှ**

နွေစပါးဧက သုံးသိန်းစိုက်ပျိုးရမည့်အနက် ယနေ့အထိ ၂၈၅၅၆၈ ဧကရာခိုင်နှုန်းအားဖြင့် ၉၅ ဒသမ ၁၈ ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်ပါကြောင်း။

ပဲခူးတိုင်းအနေဖြင့် မိုးစပါးဧကသိန်း ၃၀ ပြည့်မီရေးအတွက် နှစ်အလိုက် စီမံချက်ချ ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍တိုင်းမှူးက ပဲခူးတိုင်း၏ ဒေသဆန်၊ ဆီဖူလုံမှု၊ စိုက်ပျိုးရေရရှိရေး လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်မှု၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ ၂၀၀၄-၂၀၀၅ ခုနှစ် စီမံကိန်းရည်မှန်းချက်များအပေါ် ဖေဖော်ဝါရီလကုန်အထိ ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ပြည့်မီကျော်လွန်

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာလတိုစီမံကိန်းများချမှတ်ဆောင်ရွက်ခဲ့ရာ လျာထားသည်ထက် ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို ပဲခူးတိုင်း၏ လူဦးရေနှင့် မြေအသုံးချနိုင်မှု၊ ပဲခူးတိုင်း၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ စီမံကိန်းရည်မှန်းချက်များ ဆောင်ရွက်ပြီးစီးမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ပဏာမရှင်းလင်းမှာကြားစဉ်။ (သတင်းစဉ်)

တိုင်းပြည်၏ စီးပွားရေးတွင် ပဲခူးတိုင်းအနေဖြင့် တိုင်းကြီးတစ်တိုင်းအဖြစ်ပါဝင် အထောက်အကူပြုလျက်ရှိကြောင်း။

ပဲခူးတိုင်းအနေဖြင့် တိုင်းပြည်၏ စီးပွားရေးတွင် ယခုအနေအထားထက် ပိုမိုအထောက်အကူပြုနိုင်သည့် အလားအလာ အခြေအနေကောင်းများ ရှိပြီးဖြစ်ကြောင်းဖြင့် နိုင်ငံတော်နှင့် ပဲခူးတိုင်း၏ စီးပွားရေးကဏ္ဍ ဆက်စပ်မှုများကို ရှင်းလင်းပြောကြားသည်။

ဝမ်းမြောက်ဝမ်းသာ

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ပဏာမရှင်းလင်းမှာကြားရာ၌ နိုင်ငံတော်အကြီးအကဲ

အနှတ်လက္ခဏာပြခဲ့ရာမှ ယခုအခါ အပေါင်းလက္ခဏာ ပြနိုင်သည်အထိ သိသိသာသာ တိုးတက်ပြောင်းလဲလာလျက်ရှိနေခြင်းဖြစ်ကြောင်း။

တိုးတက်အောင်မြင်

တစ်နည်းအားဖြင့် ချမှတ်ကျင့်သုံးသော နိုင်ငံတော်မူဝါဒများ၏ မှန်ကန်မှု၊ နိုင်ငံ့ခေါင်းဆောင်၏ စေတနာဖြူစင်မှုနှင့် တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်မှုစွမ်းအားများကြောင့် ယခုကဲ့သို့ တိုးတက်အောင်မြင်မှုများ ရရှိခြင်းဖြစ်ကြောင်း။

မည်သို့သော အခက်အခဲ၊ အဟန့်အတား၊ ပိတ်ပင်မှုများရှိစေကာမူ မိမိတို့အားလုံး ညီညီညွတ်ညွတ်ဖြင့် ကိုယ့်အားကိုယ်ကိုး၍ ကြိုးစားလုပ်ဆောင်နိုင်ပါက တိုးတက်အောင်မြင်မှုများ ရရှိမှာပင်ဖြစ်ကြောင်း။

ပူးပေါင်းလုပ်ကိုင်

ယခုအခါ နိုင်ငံတော်ကို စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းနိုင်ရေးအတွက် မူဝါဒလမ်းစဉ် (၇)ရပ်ချမှတ် အကောင်အထည်ဖော်နေပြီဖြစ်ရာ ယင်းလုပ်ငန်းအစီအစဉ်အားလုံး အောင်မြင်ရေးအတွက် ပြည်သူအားလုံးက နိုင်ငံတော်အစိုးရနှင့် တက်ညီလက်ညီ ပူးပေါင်းလက်တွဲပြီး အားထည့်လုပ်ကိုင်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားထားသော

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

လုပ်ငန်းကိစ္စများဖြစ်သည့် ရေမြေသယံဇာတ အ...
အသုံးချရေးကိစ္စ၊ သီးနှံအလိုက် အထွက်နှုန်း...
လက်ဖက်၊ ကော်ဖီ၊ ဖာလာ၊ ဧရာတ်ကောင်း...
ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးကိစ္စတို့ကို အ...
အကောင်အထည်ဖော်ရန်တို့ကို လည်းကော...
သိန်း ၃၀အထိ တိုးချဲ့စိုက်ပျိုးရန်ကိုလည်းကော...
ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများကို လေးစာ...
အလုပ်အကျွေး ပြုသွားရန်တို့ကိုလည်းကောင်း၊...
စီးပွားရေးအရ အားထားရသော ထိပ်တန်း...
ဆောင်ရွက်ရန်တို့ကိုလည်းကောင်း ရှင်းလင်း...

လမ်းညွှန်မှာကြာ...

ထို့နောက် နိုင်ငံတော် အေးချမ်းသာ...
ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်...
လမ်းညွှန်မှာကြားရာ၌ မိမိတို့ပဲခူးတိုင်းသို့ ရေ...

ဖြူးချော...
* ဖြူးချောင်းရေလှေ...
တည်ဆောက်ရေး...
ဆောက်ရေးတို့က...
* ဖြူးချောင်းရေလှေ...
မြို့နယ်နှင့် ဖြူးမြို့...
ပေးဝေနိုင်ပြီး ရေ...

ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ရေလွှဲဥမင်လိုဏ်ဖောက်လုပ်ခြင်းလုပ်ငန်း ၄၇ ရာခိုင်နှုန်းပြီးစီး စီမံကိန်းပြီးစီးက လယ်မြေဧကတစ်သိန်းခန့်ကို စိုက်ပျိုးရေပေးဝေပြီး ရေအားလျှပ်စစ် မဂ္ဂါဝပ် ၄၀ ရရှိမည်



တင်ပြ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ဖြူးချောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

ရှင်းလင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ရှင်းလင်းဆောင်၌ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

လုပ်ငန်းကိစ္စများဖြစ်သည့် ရေမြေသယံဇာတ အရင်းအနှီးများကို တန်ဖိုးမြင့်တင်အသုံးချရေးကိစ္စ၊ သီးနှံအလိုက် အထွက်နှုန်းတိုးတက်ရေး ကိစ္စ၊ ရော်ဘာ၊ လက်ဖက်၊ ကော်ဖီ၊ ဖာလာ၊ ငရုတ်ကောင်းတို့ကို တိုးချဲ့စိုက်ပျိုးရေးကိစ္စ၊ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးကိစ္စတို့ကို အလေးအနက်ထား ဆက်လက်အကောင်အထည်ဖော်ရန်တို့ကို လည်းကောင်း၊ ထို့ပြင် မိုးစပါးစိုက်ဧကသိန်း ၃၀အထိ တိုးချဲ့စိုက်ပျိုးရန်ကိုလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများကို လေးစားလိုက်နာပြီး ပြည်သူများအား အလုပ်အကျွေး ပြုသွားရန်တို့ကိုလည်းကောင်း၊ ပဲခူးတိုင်းအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးအရ အားထားရသော ထိပ်တန်းတိုင်းကြီးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရန်တို့ကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

လမ်းညွှန်မှာကြား

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာ၌ မိမိတို့ပဲခူးတိုင်းသို့ ရောက်ရှိလာသည်မှာ ဒေသဖွံ့ဖြိုးတိုးတက်မှုများနှင့် အခြားလုပ်ကိုင်ဆောင်ရွက်ပေးစရာရှိသည်များကို ဆောင်ရွက်ပေးရန် ရောက်ရှိလာခြင်းဖြစ်ကြောင်း။

ပဲခူးတိုင်းအနေဖြင့် တိုးတက်ဖွံ့ဖြိုးမှုများ မြောက်မြားစွာဖြစ်ပေါ်နေပြီဖြစ်ကြောင်း၊ ယင်းတိုးတက်အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းရင်း ပိုမိုတိုးတက်သည်ထက် တိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

လူဆိုသည်မှာ မိမိဘဝတိုးတက်ရေးအတွက် မရပ်မနား ကြိုးစားနေရသည်ဖြစ်ရာ ပဲခူးတိုင်းအနေဖြင့်လည်း မိမိတိုင်း၊ မိမိဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်နေအောင် အမြဲကြိုးစည်ကြိုးပမ်းနေရမှာဖြစ်ကြောင်း။

တိုင်းတစ်တိုင်းလုံး တိုးတက်ရေး၊ တိုင်းအတွင်းရှိ ပြည်သူများ၏ လူနေမှုဘဝအဆင့် မြင့်မားရေးတို့အတွက် ရည်မှန်းပြီး ချမှတ်တာဝန်ပေးထားသည့် လုပ်ငန်းကိစ္စများစွာရှိကြောင်း၊ ဥပမာဖြင့် ပဲခူးတိုင်း၏ မိုးစပါးစိုက်ဧကကို သုံးနှစ်စီမံချက်ဖြင့် ဧကသိန်း ၃၀ အထိ တိုးချဲ့စိုက်ပျိုးရေး၊ အဓိကသီးနှံအလိုက်ချမှတ်ပေးထားသော ပန်းတိုင်အထွက်နှုန်းရရှိရေး စသည့် လုပ်ငန်းကိစ္စများကို အောင်မြင်အောင် ဖိဖိစီးစီး လုပ်ကိုင်သွားကြရန်လိုကြောင်း၊ အမှန်တကယ် ကြိုးစားလုပ်ကိုင်မည်ဆိုလျှင် အောင်မြင်နိုင်သည့် အခြေအနေကောင်းများမှာ ပဲခူးတိုင်း၌ ရှိပြီးဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု တိုးတက်ဖွံ့ဖြိုးရေးအတွက် လုံလောက်သည့် လူဦးရေရှိရန် လိုအပ်သကဲ့သို့ ပညာတတ် လူ့အရင်းအမြစ်နှင့် ရေမြေသယံဇာတများလည်း ပြည့်စုံရန် လိုအပ်ကြောင်း၊ ယင်းအချက်သုံးချက် ပြည့်စုံပြီး အလုပ်ကို ကြိုးစားလုပ်ကြမည်ဆိုလျှင် ယင်းနိုင်ငံ၊ ယင်းဒေသသည် တိုးတက်ဖွံ့ဖြိုးသွားမှာဖြစ်ကြောင်း။

သယံဇာတပေါကြွယ်ဝ

ပဲခူးတိုင်းသည် လုံလောက်သည့် လူဦးရေရှိပြီး ရေသယံဇာတ၊ မြေသယံဇာတ ပေါကြွယ်ဝသည့် တိုင်းနယ်မြေဖြစ်ကြောင်း၊ အသိပညာရှင်၊ အတတ်ပညာရှင် စသည့် ပညာတတ်အရင်းအမြစ်များ ပေါက်ဖွားရာ ဒေသလည်းဖြစ်ကြောင်း၊ ပညာတတ် လူ့အရင်းအမြစ်များ ပိုမိုမွေးထုတ်နိုင်အောင်လည်း တိုင်းအတွင်း၌ လိုအပ်သော တက္ကသိုလ်၊ ကောလိပ်များကို ထူထောင်ထားပြီးဖြစ်ကြောင်း။

ထို့ကြောင့် တက်တက်ကြွကြွ ကြံစည်ကြိုးပမ်း အားထုတ်လိုက်မည်ဆိုလျှင် အခြေအနေကောင်းများရှိပြီးဖြစ်သည့် ပဲခူးတိုင်းသည် အမှန်တကယ် ပိုမိုတိုးတက်သွားမှာ ဖြစ်ကြောင်း။

အပြည့်အဝတိုးချဲ့အသုံးပြု

အရေးကြီးသည်မှာ မိမိတိုင်းအတွင်းရှိ ရေမြေသယံဇာတများကို အပြည့်အဝ တိုးချဲ့အသုံးပြုနိုင်ရန် ဖြစ်ကြောင်း၊ မြေပြန့်ဒေသများကိုသာမက ပေါများလှသော တောင်ကုန်းတောင်စောင်းများကိုပါ စိုက်ပျိုးရေးအတွက် တီထွင်ကြံဆ အသုံးပြု၍ ပဲခူးတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်ဖော်ဆောင်သွားရန် ဖြစ်ကြောင်းဖြင့် မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဖြူးချောင်းရေလှောင်တမံ

ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဖြူးမြို့နယ်ရှိ ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ဖြူးချောင်း ရေလှောင်တမံဘက်စုံစီမံကိန်းနှင့်စပ်လျဉ်းသည့် အချက်အလက်များ၊ စီမံကိန်းလုပ်ငန်းများအနက် ရေလွှဲဥမင်လိုဏ် ဖောက်လုပ်ခြင်း လုပ်ငန်း ၄၇ ရာခိုင်နှုန်း ပြီးစီးနေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအုန်းမြင့်က တမံအောက်ခြေပိုင်းခိုင်ခံ့မှုရှိစေရေး ကွန်ကရစ် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ရေအားလျှပ်စစ်ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ဖြူးချောင်း ရေအားလျှပ်စစ် စီမံကိန်းဆိုင်ရာ လုပ်ငန်းများနှင့် လုပ်ငန်းပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ဖြူးချောင်း ရေအားလျှပ်စစ်စီမံကိန်းအတွက် စက်ပစ္စည်းများ ဝယ်ယူရေးစီစဉ်ဆောင်ရွက်နေမှုနှင့် ငွေကြေးဆိုင်ရာ ကိစ္စများကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✻

ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း

✻ **ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)နှင့် ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၃) တည်ဆောက်ရေးတို့က လုပ်ငန်းကဏ္ဍအလိုက် တာဝန်ယူ တည်ဆောက်သွားမည်။**

✻ **ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းဆောင်ရွက်ပြီးစီးပါက အုတ်တွင်းမြို့နယ်နှင့် ဖြူးမြို့နယ် အတွင်းရှိ လယ်မြေဧကတစ်သိန်းခန့်ကို စိုက်ပျိုးရေပေးဝေနိုင်ပြီး ရေအားလျှပ်စစ် မဂ္ဂါဝပ် ၄၀ ရရှိမည်ဖြစ်။**

နိုင်ငံပိုင်သကြားစက်ရုံများအနေဖြင့် စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေးကြိုးပမ်း အမှတ်(၇) သကြားစက် (အုတ်တွင်း) မှ တစ်ရက်လျှင် ကြံတန်ချိန် ၂၀၀၀ ကြိတ်ဝါးနိုင်

✻ စာမျက်နှာ ၉ မှ

ထို့နောက် ပဲခူးတိုင်း၌ ဆောင်ရွက်မည့် သောက်ရေခပ် ရေအားလျှပ်စစ်စီမံကိန်းနှင့် စပ်လျဉ်း၍ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဦးအုန်းမြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်တို့က စီမံကိန်းဧရိယာနှင့် စစ်တောင်းမြစ်ဝှမ်းဒေသ၏ ဘူမိအနေအထားဆိုင်ရာများကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းလမ်းညွှန်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သောက်ရေခပ် ဘက်စုံရေလှောင်တမံစီမံကိန်းကို အကောင်အထည်ဖော်သွားရမည့် အစီအစဉ်နှင့် တာဝန်ယူဆောင်ရွက်သွားရမည့် အပိုင်းတို့ကိုလည်းကောင်း၊ ဖြူးချောင်း စီမံကိန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် လျှပ်စစ် စွမ်းအားဝန်ကြီးဌာနနှစ်ခု ပူးပေါင်းအကောင်အထည်ဖော်ရမည့် အစီအစဉ်တို့ကိုလည်းကောင်း ရှင်းလင်းလမ်းညွှန်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဖြူးချောင်းရေလှောင်တမံဘက်စုံ စီမံကိန်း၏ ပင်မတမံတည်ဆောက်မည့် နေရာနှင့် စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုများကို စီမံကိန်းရှင်းလင်းဆောင်အနီးရှိ ရှုရပ်မှ ကြည့်ရှုစစ်ဆေးကြသည်။

ဖြူးချောင်းရေလှောင်တမံဘက်စုံစီမံကိန်းကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၄)နှင့် ရေအားလျှပ်စစ်ဦးစီးဌာန အမှတ် (၃) တည်ဆောက်ရေးတို့က လုပ်ငန်းကဏ္ဍအလိုက် တာဝန်ယူတည်ဆောက်သွားမည်ဖြစ်သည်။

ရေအားလျှပ်စစ် မဂ္ဂါဝပ် ၄၀

ဖြူးချောင်းရေလှောင်တမံဘက်စုံ စီမံကိန်းဆောင်ရွက်ပြီးစီးပါက အုတ်တွင်းမြို့နယ်နှင့် ဖြူးမြို့နယ် အတွင်းရှိ လယ်မြေဧကတစ်သိန်းခန့်ကို စိုက်ပျိုးရေပေးဝေနိုင်ပြီး ရေအားလျှပ်စစ် မဂ္ဂါဝပ် ၄၀ ရရှိမည်ဖြစ်ကြောင်း သိရှိရသည်။

အမှတ်(၇) သကြားစက်

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဖြူးချောင်းရေလှောင်တမံဘက်စုံ စီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ရဟတ်ယာဉ်များဖြင့် အုတ်တွင်းမြို့နယ်ရှိ မြန်မာ့ကြံလုပ်ငန်း အမှတ်(၇) သကြားစက်သို့ ရောက်ရှိကြရာ အုတ်တွင်းတပ်နယ်မှ ဗိုလ်မှူးကြီးအောင်ချိန်၊ ဗိုလ်မှူးကြီးတင်အေးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား စက်ရုံ ရှင်းလင်းဆောင်၌ မြန်မာ့ကြံလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲထွတ်က မြန်မာ့ကြံလုပ်ငန်းအောက်ရှိ သကြားစက်များ အခြေအနေ၊ အမှတ်(၇) သကြားစက်(အုတ်တွင်း)နှင့် စပ်လျဉ်းသည့် အချက်အလက်များ၊ နှစ်အလိုက် သကြားကြိတ်ဝါး ထုတ်လုပ်နိုင်မှုများ၊ ကြံစိုက်ပျိုးမှု ကိစ္စများကို ရှင်းလင်းတင်ပြရာ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဤသကြားစက် အပါအဝင် နိုင်ငံတစ်ဝန်းရှိ နိုင်ငံပိုင်သကြားစက်ရုံများအနေဖြင့် စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေးကြိုးပမ်းကြရန် လမ်းညွှန်မှာကြားသည်။

အမှတ်(၇) သကြားစက် (အုတ်တွင်း)မှာ တစ်ရက်လျှင် ကြံတန်ချိန် ၂၀၀၀ ကြိတ်ဝါးနိုင်သည့် စက်စွမ်းအားရှိသော စက်ရုံဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် အမှတ်(၇) သကြားစက် (အုတ်တွင်း)မှ တောင်ငူမြို့သို့ မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

လမ်းညွှန်မှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အုတ်တွင်း မြို့နယ်ရှိ မြန်မာ့ကြံလုပ်ငန်း အမှတ်(၇) သကြားစက်ရုံ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများအား လမ်းညွှန်မှာကြားစဉ်။

(သတင်းစဉ်)

သကြ်န်တရားစခန်း ဖွင့်မည်

ရန်ကုန် မတ် ၁၄

ကျေးစူးရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာ တရားကို ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးကျော်နိုင်ထွန်းက ရွှေတိဂုံ မြောက်ဘက် သွေးဆေးကန်ကျောင်းတိုက် ရတနာ့ဂုဏ်ရည်ကျောင်း ဆရာတော် ဦးနန္ဒဝံသ၏ ဩဝါဒကိုခံယူလျက် ဧပြီ ၁၃ ရက်မှ ၁၉ ရက်အထိ ခုနစ်ရက် တရားစခန်းကျင်းပမည်ဖြစ်၍ တရားစခန်းဝင်လိုသူ ယောဂီများ မတ် ၃၁ ရက်တွင် အမှတ်(၂၉) စမ်းချောင်းလမ်း၌ နောက်ဆုံးစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

နိုင်ငံတကာ အားကစား သတင်း

အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲသို့ နယူးကာဆယ်နှင့် ဘလက်ဘန်းတက်ရောက်

လန်ဒန် မတ် ၁၄

အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဘလက်ဘန်း ရိုဗာအသင်းနှင့် လီဆက်စတာအသင်းတို့ တနင်္ဂနွေနေ့က ယှဉ်ပြိုင်ကစားခဲ့ကြရာ ဘလက်ဘန်းရိုဗာအသင်းမှ တိုက်စစ်မှူး ပေါလ်ဒစ်ကော့ဗ်ကင်း၏အသင်းဟောင်း လီဆက်စတာအသင်းဘက်သို့ ပိုင်နယ်တီ ကန်သွင်းပြီး အနိုင်ယူသွားသည်။ ပထမပိုင်းတွင် ဂိုးမရှိ သရေကျနေပြီး ဘလက်ဘန်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၈၃ မိနစ်၌ ဒစ်ကော့ဗ်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဘလက်ဘန်းအသင်းက မန်ယူအသင်းနှင့်အတူ အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အနိုင်ရ

ထို့အတူ အက်ဖ်အေဖလား အခြားကွာတားဖိုင်နယ်ပွဲစဉ်တွင် နယူးကာဆယ်ယူနိုက်တက်အသင်းက တော့တင်ဟမ်စပါးအသင်းကို ပထမပိုင်းပွဲအစ ၅ မိနစ်မှာပင် ဟော်လန် ဘောလုံးသမား ပက်ထရစ်ကလွိုက်ဗတ် သွင်းယူသောဂိုးဖြင့် အနိုင်ရကာ အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲသို့ တက်သွားသည်။

အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲသို့ မန်ချက်စတာ ယူနိုက်တက်အသင်း၊ အာဆင်နယ်အသင်း၊ နယူးကာဆယ်ယူနိုက်တက် အသင်းနှင့် ဘလက်ဘန်းရိုဗာအသင်းတို့ တက်ရောက်သွားကြသည်။

အမ်အင်အေရိုက်တာ။

အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲတွင် ပိုင်နယ်တီဖြင့် ဘလက်ဘန်းအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ဒစ်ကော့ဗ် ကန်သွင်းယူစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၅-၃-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၁၅	၄။	လက်စွမ်းပြပဟန်ဂီတသံ
၄:၂၅	၅။	အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၅	၇။	မျိုးချစ်တပ်မတော်
၅:၀၀	၈။	**အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -Cost Accounting -(ဒုတိယနှစ်-စီးပွားရေး၊စီးပွားစီမံ)
၅:၃၀	၉။	ပညာဓေတ်
၅:၄၅	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	မိုးလေဝသသတင်း
၆:၂၅	၁၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၅။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။	**ရုပ်သံစုံလင်ရုပ်မြင်ဇာတ်လမ်း "အမြွှာနဲ့ ကြမ္မာ" (အပိုင်း-၁)**
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	မြန်မာ့ရှုခင်း
	၂၀။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၁။	**ရုပ်သံစုံလင်ရုပ်မြင်ဇာတ်လမ်း "ပညာဉာဏ်ကြီးဘုန်းမီးနေလ" (အပိုင်း-၂၆)**
	၂၂။	သင့်အတွက်မနက်ဖြန်
	၂၃။	အပိတ်နှုတ်ဆက်စကား
	၂၄။	ပြီးပါပြီ။

နိုင်ငံတော်ကြီးကို စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်လျက်ရှိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက နိုင်ငံ့အကျိုးပြုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်

ရန်ကုန် မတ် ၁၄

တနင်္သာရီတိုင်း ကော့သောင်းမြို့သို့ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ လိုက်ပါလျက် မတ် ၈ရက် နံနက်ပိုင်းတွင် ကော့သောင်းမြို့၌ အသစ်တည်ဆောက်ပြီးစီးနေပြီဖြစ်သော ခုတင် ၁၀၀ဆံ့ ကော့သောင်းမြို့ ပြည်သူ့ဆေးရုံနှင့် ကော့သောင်းမြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကော့သောင်းခရိုင်မှ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများအား တွေ့ဆုံမှာကြားသည်။

ကော့သောင်းဆေးရုံ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ကော့သောင်းမြို့၌အသစ်တည်ဆောက် ပြီးစီးနေပြီဖြစ်သော ကော့သောင်းမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံသစ်ကြီးဖွင့်ပွဲအခမ်းအနားအတွက် ပြင်ဆင်ထားရှိသော ပြည်သူ့ဆေးရုံ ကော့သောင်းမြို့ ဆိုင်းဘုတ်ကို လည်းကောင်း၊ မင်္ဂလာစည်တော်စင်နှင့်မုခ်ဦးကိုလည်းကောင်း၊ ဆေးရုံသစ်ကြီးဝင်းအတွင်းကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည်ဆေးရုံသစ်ကြီးအဆောက်အအုံ မြေညီထပ်ရှိ ပင်မဆောင်၊ ဆေးစတိုခန်း၊ အထူးကြပ်မတ်ကုသခန်း၊ ခွဲစိတ်ခန်းမကြီး၊ သားဖွားဆောင်၊ ဓာတ်ခွဲခန်းနှင့် ဓာတ်မှန်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံသစ်ကြီးအပေါ်ထပ်ရှိ ကလေးလူနာဆောင်၌ ဆေးကုသမှုခံယူနေသော ကလေးငယ်များအား ကျန်းမာရေးအခြေအနေများကို မေးမြန်းကာ အားပေးစကား ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ဆေးရုံသစ်ကြီးအပေါ်ထပ်ခန်းမ၌ ဖွင့်ပွဲအခမ်းအနား ကျင်းပမည့် စင်မြင့်ခင်းကျင်းစီစဉ်ထားရှိမှုကို လည်းကောင်း၊ ဆေးရုံဝန်ထမ်းအိမ်ရာတည်ဆောက်ထားရှိမှုကို ဆေးရုံသစ်ကြီးပေါ်မှလည်းကောင်း၊ ဖျားနာကုသဆောင်၊ ဆေးရုံအုပ်ကြီးရုံးခန်းနှင့် ဆေးရုံသစ်အဆောက်အအုံ၏ ဖွဲ့စည်းတည်ဆောက်မှု အခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီးနှင့် ဆေးရုံအဆောက်အအုံ အလှူရှင်၏ကိုယ်စား ဦးညွန့်လှိုင်တို့က ရှင်းလင်းပြသကြရာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက လိုအပ်သည်များကို မှာကြားပြီး ဆေးရုံအတွက် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းစီမံဆောင်ရွက်ပေးသည်။

တွေ့ဆုံ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ကော့သောင်းမြို့ရှိ မဋ္ဌုသကခန်းမသို့ သွားရောက်၍ ကော့သောင်းခရိုင်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးမြင့်ထွန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းနှင့်ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ကော့သောင်းခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့တို့မှ အသင်းအဖွဲ့ဝင်များ၊ရပ်မိရပ်ဖများတက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ကော့သောင်းခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင် မန်နေဂျာ ဦးရဲမောင်က ကော့သောင်းခရိုင်ရှိ မြို့နယ်ငါးမြို့နယ်၌ အသားတင်စိုက်ပျိုးမြေဧက ၉၈၃၆၀ အနက် မိုးစပါးဧက ၃၂၉၀၃ဧက၊ နွေစပါး ၂၀၄ဧက စိုက်ပျိုးနိုင်ခဲ့ပြီး စိုက်ပျိုးမြေ ၆၉၁၁ဧက ဖော်ထုတ်ပြီးစီးမှုတို့ကိုလည်းကောင်း၊ ဆောင်းသီးနှံမျိုးစုံဧက ၁၅၇၀ စိုက်ပျိုးနိုင်မှုတို့ကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသက်တင်က ကော့သောင်းခရိုင်၏ မြေအသုံးချမှုအခြေအနေနှင့် စိုက်ဧကတိုးမြှင့်ရေးအတွက် စိုက်ပျိုးမြေဖော်ထုတ်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော့သောင်းခရိုင် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ခရိုင်မန်နေဂျာ ဦးသန်းထိုက်က ကော့သောင်းခရိုင်အတွင်း ဆီအုန်းဧက ၁၁၀၃၅၀ ပြည့်မီစွာ စိုက်ပျိုးနိုင်ရန် လျာထားပြီး ၂၀၀၄-၂၀၀၅ခုနှစ်တွင် ၁၆၂၃၈ဧက စိုက်ပျိုးနိုင်ခဲ့ပြီး၂၀၀၅-၂၀၀၆ခုနှစ်တွင် ၄၆၁၁၄ ဧက လျာထားမှု အခြေအနေ၊ ရော်ဘာစိုက်ပျိုးမှုအနေဖြင့် ၂၀၀၃-၂၀၀၄ခုနှစ်အထိ ၂၅၁၄ဧက စိုက်ပျိုးခဲ့ပြီး ၂၀၀၄-၂၀၀၅မှ ၂၀၀၆-၂၀၀၇ခုနှစ်အထိ ဧက ၃၀၀၀ တိုးချဲ့စိုက်ပျိုးရန် လျာထားမှု၊ ယခုအခါ ၇၆၉ဧက တိုးချဲ့ စိုက်ပျိုးနိုင်ခဲ့သဖြင့် ကျန် ၂၂၃၁ဧကကို သတ်မှတ်ကာလအတွင်း အပြီးစိုက်ပျိုးသွားရန် စီစဉ် ဆောင်ရွက်နေမှု အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ကော့သောင်းခရိုင်ဦးစီးမှူး ဦးမြင့်စိုးနှင့် စီမံကိန်းဦးစီးဌာန ကော့သောင်းခရိုင်ဦးစီးမှူး ဦးဝင်းနိုင်တို့က ကော့သောင်းခရိုင်အတွင်း သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ချက်များနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ကော့သောင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်စိုးက ကော့သောင်းခရိုင်၏ ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စီးပွားရေးလုပ်ငန်းများ၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်က တင်ပြချက်များအပေါ် ခြုံငုံသုံးသပ်၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားပြီး အမှာစကားပြောကြားရာတွင် မိမိသည် ဤတနင်္သာရီတိုင်း ကော့သောင်းမြို့သို့ ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ ကြည့်ရှုစစ်ဆေးရန်နှင့် လိုအပ်သည်များကိုဖြည့်ဆည်းပံ့ပိုးပေးနိုင်ရန်လာရောက်ခြင်းဖြစ်ကြောင်း၊ မိမိနှင့်အတူဝန်ကြီးဌာန ကိုယ်စားပြုသော ဌာနဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များလည်း လိုက်ပါလာကြကြောင်း၊ ဒေသ၏လိုအပ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများက အမြန်ဆုံးဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရန်ဖြစ်ကြောင်း။

နိုင်ငံတော်ကအားထား

တနင်္သာရီတိုင်းသည် တစ်နိုင်ငံလုံး၌ တစ်ဦးချင်းဝင်ငွေ ဒုတိယအများဆုံးရှိသော တိုင်းတစ်တိုင်းဖြစ်ကြောင်း၊ ထို့ကြောင့် တနင်္သာရီတိုင်းကို နိုင်ငံတော်က များစွာအားထားလျက်ရှိကြောင်း၊ တနင်္သာရီတိုင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အားထားစရာ သဘာဝအခြေခံကောင်းများ များစွာရှိကြောင်း။

မိမိတို့နိုင်ငံတော်သည် ကမ္ဘာ့နိုင်ငံများနည်းတူ ဖွံ့ဖြိုးတိုးတက်မှု အတော်အတန်ရရှိနေပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံကို တိုးတက်နေသော ကမ္ဘာနှင့်အညီ ဖွံ့ဖြိုးတိုးတက်မှုတွင် နောက်ကျ မကျန်ရစ်စေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ အနာဂတ်အမျိုးသားစီးပွားရေး ဖွံ့ဖြိုးဖြစ်ထွန်းသည်ထက်ဖြစ်ထွန်းခိုင်မာအောင် မိမိတို့အားလုံး လူမှုရေးအသင်းအဖွဲ့များ အပါအဝင် ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာရေး၊ စည်းလုံးညီညွတ်သော ပြည်ထောင်စုကြီးအဖြစ် ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲရေးတို့အတွက် မျှော်မှန်း၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ တိုင်းရင်းသားပြည်သူအားလုံး၏ အမျိုးသားရေး စိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်မှုစွမ်းပကားကြောင့် ယခုအခါအောင်မြင်မှုများ ရရှိနေပြီဖြစ်ကြောင်း။

ယခုအခါ နိုင်ငံတော်အစိုးရ၏ အပြုသဘောဆောင်သော အားထုတ်ကြိုးပမ်းမှု၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်စွာ ပါဝင်ထမ်းရွက်မှုတို့ကြောင့် ရရှိပြီးဖြစ်သော နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုတို့ကို ပြန်လည်မယိုယွင်းစေရန် အပတ်တကုတ် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ အထူးသဖြင့် နယ်စပ်ဒေသများတွင် ခေတ်အဆက်ဆက်က အကြောင်းအမျိုးမျိုးကြောင့် တရားဥပဒေစိုးမိုးမှုမရှိခဲ့ခြင်း၊ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်နေခြင်းတို့ကို နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများဖြင့်လည်းကောင်း၊ မူးယစ်ဆေးဝါး ပပျောက်ရေး စီမံကိန်းများဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိနေကြောင်း၊ ထို့အတူ ပြည်နယ်နှင့်တိုင်း တစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှုကွာဟခြင်း လျော့နည်းစေရန် အထူးဒေသကြီး ၂၄ခု စီမံကိန်းကိုလည်းကောင်း၊ မြို့ပြများသာမက ကျေးလက်ဒေသများပါ ဖွံ့ဖြိုးတိုးတက်စေရန် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် ငါးရပ်ကိုလည်းကောင်း ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ကြီးကို အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်လျက်ရှိသည်ဖြစ်ရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက နိုင်ငံတော်အစိုးရ၏ နိုင်ငံ့အကျိုးပြု စီမံကိန်းလုပ်ငန်းစဉ်များတွင် စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

အခြေခံအုတ်မြစ်

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုချမှတ်၍ ပထမအဆင့်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရန် အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိကြောင်း၊ ယင်းသည် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးအတွက် အခြေခံအုတ်မြစ်ပင်ဖြစ်ကြောင်း၊ ထို့အတူ နိုင်ငံတော်အစိုးရက တိုင်းရင်းသား ပြည်သူများအား ဒီမိုကရေစီကျင့်စဉ်များ အသားကျအောင် လေ့ကျင့်ပျိုးထောင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားမှု၊ စေတနာမှန်ကန်မှုကြောင့် မှန်ကန်သော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းများသည် အောင်မြင်မှုရရှိလျက်ရှိကြောင်း၊ တိုင်းရင်းသားပြည်သူတို့၏ စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အားကောင်းလျှင် အားကောင်းသလောက် အောင်မြင်မှုရရှိနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားနှင့် နိုင်ငံတော်၏အကျိုးစီးပွားတို့ကို ညီညွတ်မှုတစ်စွာပေါင်းစည်း၍ ဆောင်ရွက်နေချိန်တွင် တိုင်းရင်းသားအားလုံး ညီညီညွတ်ညွတ်ဖြင့် ပြည်ထောင်စုကြီး မပြိုကွဲရေးအတွက် တက်ညီလက်ညီ ဆောင်ရွက်နေထိုင်သွားကြရန် အဓိကကျလျက်ရှိကြောင်း၊ ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများကလည်း တိုင်းရင်းသားပြည်သူတို့နှင့်အတူ စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ မျိုးဆက်သစ်လူငယ်များကိုလည်း အတွေးအခေါ်၊ အသိအမြင် မှန်ကန်စေရန် လေ့ကျင့်ပျိုးထောင်ပေးကြရန်နှင့် အမျိုးသားရေးအမြင် ကြည်လင်ထက်သန်၍ ထူးချွန်ထက်မြက်သော အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးကြရန်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သောစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး အမြန်ဖြစ်ထွန်း ပေါ်ပေါက်လာစေရန် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် အထူးတိုက်တွန်းပါကြောင်းဖြင့် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကော့သောင်းမြို့ ငါးသုံးလုံးတောင်ပေါ်ရှိ ရှုခင်းသာနေရာမှ ကော့သောင်းမြို့၏ ဖွံ့ဖြိုးစည်ပင်သာယာမှု အခြေအနေနှင့် ပတ်ဝန်းကျင်ရှိ ကျွန်းများစုဖွဲ့ပုံတို့ကို ကြည့်ရှုသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ကော့သောင်းမြို့ မြို့ပတ်လမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်၍ မြို့အင်္ဂါရပ်နှင့်အညီ လူနေအိမ်၊ တိုက်တာများနှင့် ဌာနဆိုင်ရာရုံးများ၊ ဈေးများနှင့် မြို့တွင်းလမ်းများ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည်ကော့သောင်းမြို့တပ်နယ်ခန်းမဖြစ်သည့် ဘုရင့်နောင်ခန်းမ၌ ကော့သောင်းတပ်နယ်မှ တပ်မတော်သားများ၊ မိသားစုများအားတွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ယင်းအခမ်းအနားသို့ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ကော့သောင်းတပ်နယ်မှ ဗိုလ်မှူးကြီး မြင့်ထွန်း၊ တပ်မတော်အရာရှိများနှင့် စစ်သည်များ၊ မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနား၌ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက တပ်တွင်း စည်းလုံးရေး၊ စည်းကမ်းသေဝပ်ရေး၊ တပ်မတော်၏ ဂုဏ်သိက္ခာမြှင့်မားရေး၊ သမိုင်းအစဉ်အလာနှင့်အညီ နိုင်ငံတော်၏အကျိုး၊ ပြည်ထောင်စု၏အကျိုးကို သယ်ပိုးဆောင်ရွက်ရေးတို့ကို မှာကြားသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကော့သောင်းမြို့ တပ်နယ်ဘုရင့်နောင်ခန်းမ၌ ကော့သောင်းတပ်နယ်မှ တပ်မတော်သားများ၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကျောက်ရေတွင်းခုံးကျော်တံတား တည်ဆောက်စဉ် လမ်းခေတ္တပိတ်ထားမည်

ရန်ကုန် မတ် ၁၄

မြောက်ဥက္ကလာပမြို့နယ်အတွင်း ကျောက်ရေတွင်းခုံးကျော်တံတားကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက မတ်၂၀ရက်တွင် စတင်တည်ဆောက်မည်ဖြစ်သဖြင့် ကျောက်ရေတွင်းလမ်းကို သုဓမ္မာလမ်းဆုံမှ ဂျိုးဖြူရေပိုက်ကျော်တံတားအထိ လမ်းအသုံးပြုခြင်းကို မတ် ၁၆ရက်မှ စတင်၍ ခေတ္တပိတ်ထားမည်ဖြစ်သည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်းနှင့်မန္တလေးတိုင်းအတွင်းရှိ ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၄

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ကြည်အောင်သည် မတ် ၆ ရက်တွင် ရွှေဘိုမြို့ အလောင်းမင်းတရားကြီး တည်ထားကိုးကွယ်ခဲ့သော"ရွှေချက်သို" ဘုရားအား ဖူးမြော်ကြည်ညိုပြီး ဘုရားအနီးရှိ ခေါင်းလောင်းများကို ကြည့်ရှုစစ်ဆေး၍ ခေါင်းလောင်းစာများကိုဖတ်၍ မှတ်တမ်းတင် ထိန်းသိမ်းရန်၊ မူလရေးထိုးထားသော ကျောက်စာများ အလွှာလိုက်ကွာကျခြင်းမျိုး မဖြစ်ပေါ်စေရေးအတွက် ဓာတုဗေဒဆေးဝါးများအသုံးပြု၍ ပြုပြင်ထိန်းသိမ်းရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက်ဝန်ကြီးသည် အလှူရှင် ဦးတိုက်ကြီးမောင်နှင့်ဇနီး ဒေါ်စိန်ရွှေတို့ လှူဒါန်းသော ရွှေဘိုမြို့ရှိ ပြိုကျပျက်စီးနေသည့် ကုန်းဘောင်ခေတ် ရှေးဟောင်းပိဋကတ်တိုက် ပြန်လည်ပြုပြင်တည်ဆောက်မှု လုပ်ငန်း၊ ရှေးဟောင်း သုတေသနဦးစီးဌာနက ထိန်းသိမ်းထားရှိသည့် ရွှေဘုံရတနာမင်္ဂလာနန်းတော်၊ စာရင်းတိုက်နှင့် ရွှေတိုက်တို့၏ နန်းကြမ်းပြင်ပြုပြင်မွမ်းမံမှုလုပ်ငန်း၊ မြေနန်းပြာသာဒ်တော်ကြီး၏ နန်းကြမ်းပြင်ပြုပြင်ခြင်း၊ မြန်မာမှုလုပ်ငန်းအတွက် ရွှေဆေးသုတ်ခြင်း လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတို့၏ တင်ပြချက်အပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မှာကြား

ထိုမှတစ်ဆင့်ဝန်ကြီးသည် မုံရွာမြို့ အနောက်ဘက် ၁၄ မိုင်အကွာရှိ "ဖိုလ်ဝင်တောင်" ကျောက်ဂူသို့ ရောက်ရှိ၍ ကျောက်ဂူများရှိ နံရံဆေးရေးပန်းချီ ထိန်းသိမ်းထားရှိမှုလုပ်ငန်း၊ ရှေးဟောင်းသမိုင်းဝင် အင်ကြင်းတောင် ကျောက်ဂူနှင့် ဘုတလင်မြို့နယ် ညောင်ကန်ရွာကြေးခေတ်လူအရိုးစု၊ အိုးအမျိုးမျိုးတို့ ကာကွယ်စောင့်ရှောက်ထိန်းသိမ်းမှု လုပ်ငန်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတို့၏တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားသည်။

စောင့်ရှောက်

ဝန်ကြီးဗိုလ်ချုပ် ကြည်အောင်သည် မတ် ၇ ရက်တွင် စစ်ကိုင်းတိုင်း ကြေးမုံရွာရှိ နှစ်ပေါင်း ၁၆၆ နှစ်တာမျှ သက်တမ်း ကြာမြင့်နေပြီဖြစ်သော ဦးကြင်ဥ ဆောက်လုပ်ခဲ့သည့် အုတ်ကြွပ်မိုး ရှေးဟောင်း အိမ်အိုကြီးကို အသေးစိတ် ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ရှားပါးလှသည့် ရှေးဟောင်းအဆောက်အအုံ တစ်ခုဖြစ်ခြင်းကြောင့် ပြတိုက်သဖွယ် ပြုပြင်ထိန်းသိမ်းစောင့်ရှောက်သွားရန် မှာကြားသည်။

ပြောကြား

ဆက်လက်၍ ဝန်ကြီးသည် စစ်ကိုင်းတိုင်း မြောင်မြို့၏ အနောက်ဘက် သုံးမိုင်ခန့်အကွာ လေ့တင်ဦးရွာအနီးရှိ အရပ်အခေါ် ဆင်ခေါင်းတောင်ထိပ်မှ ၁၅ ပေ အနက်ခန့်တွင် တွေ့ရှိရသော အင်ကြင်း ကျောက်ဖြစ်ရုပ်ကြွင်း ကျောက်တုံးရှည်ကြီးကို နဂါးပုံသဏ္ဌာန်ပြုလုပ်ထိန်းသိမ်းထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြန်မာနိုင်ငံ အရပ်ရပ်တွင် မသမာသူတချို့သည် ဝိသမ စီးပွားရေးသမားများနှင့် ပူးပေါင်းကာ ကျောက်ဖြစ်ရုပ်ကြွင်းများကို တရားမဝင်တူးဖော်ခြင်း၊ ပြည်ပနိုင်ငံများသို့ ခိုးထုတ်ရောင်းချခြင်းများ ပြုလုပ်လျက်ရှိရာ နိုင်ငံတော်၏ ရှေးဟောင်းအမွေအနှစ် ပစ္စည်းများကို မသမာသူတို့ တူးယူအလွဲသုံးစား မပြုနိုင်အောင် ယခုကဲ့သို့ ဝိုင်းဝန်းကာကွယ် စောင့်ရှောက်ပေးခြင်းသည် သင့်တော်ကောင်းမွန်ကြောင်း ပြောကြားသည်။

ဖန်တီးပုံဖော်

အဆိုပါ အင်ကြင်းကျောက်ဖြစ်ရုပ်ကြွင်း ကျောက်တုံးကြီးမှာ အလျား ၆၃ ပေ၊ အရှေ့ဘက် အရင်းပိုင်းအချင်း သုံးပေ အနောက်ဘက် အဖျားပိုင်း အချင်းနှစ်ပေရှိ၍ အရှေ့အနောက် အလျားလိုက် တုံးလုံးလဲအနေအထားဖြစ်ပြီး ကျောက်တုံးကြီး၏ သက်တမ်းမှာ နှစ်ပေါင်း ငါးသန်းမှ နှစ်သန်းခန့်ရှိပြီဖြစ်ကြောင်း၊ ဆင်ခေါင်းတောင်၌ သာသနာပြုနေသော မန္တလေးမြို့နေ ဦးဟန်တင်က မသမာသူများ ပြည်ပနိုင်ငံများသို့ သယ်ယူခြင်းမျိုး မပြုနိုင်အောင် ဆင်ခေါင်းတောင်မှ တွေ့ရှိရသည့် သဘာဝကျောက်လုံးများဖြင့် နဂါးကျောက်ကုန်းအင်ကြင်းကျောက်တုံးကြီးမှ ပွဲ့ကျလာသော အင်ကြင်းကျောက်များဖြင့် နဂါးဦးခေါင်းပုံသဏ္ဌာန် ဖန်တီးပုံဖော်ပေးထားခြင်းဖြစ်ကြောင်း၊ ထူးခြားသည်မှာ နဂါးဦးခေါင်းပိုင်းကျသော သစ်မြစ်ပိုင်းမှာ နဂါးခွေနေဟန်၊ ၎င်း၏ အမြီးပိုင်းကို အနောက်ဘက်လှည့်၍ ပြန်ကြည့်နေပုံမှာ သဘာဝကျလှကြောင်း၊ အဆိုပါ ကျောက်ဖြစ်သစ်ပင်ကြီးမှာ တွန့်လိမ်ကောက်ကွေးနေသဖြင့် နဂါးကိုယ်ပိုင်းနှင့် အလွန်တူနေကြောင်း သိရှိရသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် ကျောက်ဆည်မြို့ ကျောက်စာရုံတွင် ကျောက်စာ ၁၆ ချပ် စိုက်ထူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ယဉ်ကျေးမှု)

ယင်းနောက်ဝန်ကြီးသည် ပြန်ကြားရေးဝန်ကြီးဌာန မြောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စာကြည့်တိုက်နှင့် မြင်းမူမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ စာကြည့်တိုက်တို့သို့ စာအုပ်များကို ပေးအပ်လှူဒါန်းသည်။

ဝိုင်းဝန်းကြပ်မတ်

ထို့နောက်ဝန်ကြီးသည် စစ်ကိုင်းမြို့ရှိ "ယဉ်ကျေးမှုပြတိုက်"သို့ ရောက်ရှိ၍ ရှေးဟောင်းပစ္စည်းများ ခင်းကျင်းပြသထားရှိမှု အခြေအနေကိုလည်းကောင်း၊ ယဉ်ကျေးမှု ဝန်ကြီးဌာန၏ ရန်ပုံငွေဖြင့် ပြုပြင်ပြီးစီးသွားပြီဖြစ်သော အင်းဝခေတ်၌ ထင်ရှားကျော်ကြားပြီး ဆရာတော်အရှင် အရိယဝံသ သီတင်းသုံးတော်မူခဲ့သော စစ်ကိုင်းတောင်ရိုးရှိ အင်းဝခေတ်လက်ရာ တစ်ပါးကျောင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက အင်းဝခေတ် တစ်ပါးကျောင်း၏မြန်မာမှု အမွှမ်းပန်းလက်ရာများ မပျက်စီးစေရေး၊ ရေရှည်တည်တံ့ခိုင်မြဲ စေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က ဝိုင်းဝန်းကြပ်မတ် ထိန်းသိမ်း စောင့်ရှောက်သွားရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် စစ်ကိုင်းတောင်ရိုးရှိ ရှင်ဖြူရှင်လှဘုရားနှင့် လေးကျွန်းမာန်အောင် ဘုရားတို့အား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဝန်ကြီးဗိုလ်ချုပ် ကြည်အောင်သည် မတ် ၈ ရက်တွင် စစ်ကိုင်းတံတားထိပ်ရှိ သပြေတန်းခံတပ်နှင့် ခံတပ်အတွင်း သစ်တစ်လုံးတည်းဖြင့် ထွင်းထုထားသည့်လှေကြီး ပြုပြင်ပြီးစီးမှုလုပ်ငန်း၊ ၂၀၀၅ ခုနှစ် ဇူလိုင်လအတွင်းက ဧရာဝတီမြစ်ရေ ထူးကဲစွာ ကြီးမြင့်မှုကြောင့် ရေမြုပ်ပြီး တိုင်နှင့်ရက်မ အချို့ပျက်စီးယိုယွင်းခဲ့ရသော မန္တလေးတိုင်း အမရပူရမြို့နယ် တောင်သမန်အင်းရှိ ဦးပိန်တံတား ပြန်လည်ပြုပြင် မွမ်းမံနေမှုလုပ်ငန်း၊ အင်းဝမြို့ဟောင်းရှိ ဆင်ကျုံးခံတပ်၏ ရေထိန်းနံရံများ ပြုပြင်ပြီးစီးမှုလုပ်ငန်း၊ အင်းဝဗားကရာ သစ်သားကျောင်းကြီး ထိန်းသိမ်းထားရှိမှုလုပ်ငန်းနှင့် ရှေးဟောင်းသုတေသနပြတိုက်အတွင်း ရှေးဟောင်းပစ္စည်းများ ခင်းကျင်းပြသထားရှိမှု လုပ်ငန်းအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထိန်းသိမ်း

ထို့နောက် ဝန်ကြီးသည် ကျောက်ဆည်မြို့သို့ရောက်ရှိ၍ ရှေးဟောင်းသုတေသနဦးစီးဌာနက ထိန်းသိမ်းထားရှိသော ကျောက်စာရုံအတွင်း ကျောက်စာချပ် ၁၆ ချပ် စိုက်ထူထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ကျောက်စာရုံကို စနစ်တကျပြန်လည် ပြုပြင်မွမ်းမံထိန်းသိမ်းစောင့်ရှောက်ရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးဗိုလ်ချုပ်ကြည်အောင်သည် ကျောက်ဆည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးတင်အုန်းနှင့်အတူ ကျောက်စာရုံနှင့်ကပ်လျက် ရှေးဟောင်းသုတေသနဌာနခွဲရုံး အဆောက်အအုံဆောက်လုပ်နိုင်မည့် မြေနေရာရရှိရေး ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးသည်။ ယင်းနောက် ဝန်ကြီးသည် မက္ခရာမြို့ဟောင်းအတွင်းရှိ ရှေးဟောင်းဘုရားပုထိုးများ ပြုပြင်မွမ်းမံနေမှုအခြေအနေနှင့် တွေ့ရှိထားသော ရှေးဟောင်းပစ္စည်းများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကာ မန္တလေးမြို့သို့ ရောက်ရှိသည်။

(သတင်းစဉ်)

ပုံညာတောင်ဥမင် ဖောက်လုပ်ရေး စီမံကိန်းလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးဖေသန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းသည် မတ် ၈ ရက်တွင် မန္တလေးမြို့သို့ ရောက်ရှိ၍ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ အရာထမ်းများအား တွေ့ဆုံပြီး ဝန်ကြီးဌာန၏ ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာနှစ် လုပ်ငန်းရည်မှန်းချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ရှင်းလင်းမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဆင်ဖြူရှင်တံတားသို့ ရောက်ရှိ၍ မြန်မာ့မီးရထား တိုင်းအမှတ်(၂)မှ အရာထမ်းများနှင့် ပခုက္ကူဒေသရှိ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ တိုင်းအရာရှိများအား တွေ့ဆုံကာ လုပ်ငန်းဆိုင်ရာများကို မှာကြားပေါင်းစပ် ဖြည့်ဆည်းပေးသည်။

ထို့အပြင် ဒုတိယဝန်ကြီးသည် ဆင်ဖြူရှင်တံတား ကြံ့ခိုင်မှုနှင့် စပ်လျဉ်း၍ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ပုံညာတောင်ဥမင်နှင့် ဥမင်အဝင် ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ကျောချောင်းကူး ရထားတံတားမှတစ်ဆင့် ပုံညာတောင်၏ အရှေ့ဘက်ဥမင်သို့ အဝင်ရထားလမ်းတာပေါင်လုပ်ငန်းများကို လည်းကောင်း၊ မုန်တိုင်းချောင်းတွင် အကျယ် ၁၅ ပေ၊ အလျားပေ ၂၀၀ ရှိ မြင်းခွာပုံတံတား သုံးလုံးတွဲတည်ဆောက်သည့် လုပ်ငန်းကို လည်းကောင်း၊ ပုလဲ-ဂန့်ဂေါ-ကလေးကားလမ်းရှိ ကားလမ်းကူး ရထားလမ်း တံတားသံချည်ခြင်းလုပ်ငန်းနှင့် တံတားအပြီးသတ်လုပ်ငန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို မှာကြားဖြည့်ဆည်းပေးသည်။

ဒုတိယဝန်ကြီးသည် မတ် ၉ ရက်တွင် ပုံညာတောင် ဥမင်ဖောက်လုပ်ရေးနှင့် ဥမင်အဝင်ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းအင်ဂျင်နီယာ၏ လုပ်ငန်းတိုးတက်ပြီးစီးမှု အခြေအနေများ ရှင်းလင်းတင်ပြသည့်အပေါ် စိစစ်သုံးသပ်ပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ပုံညာတောင် ဥမင်အဝင်လမ်း အနောက်ဘက်အပိုင်းရှိ ရထားလမ်းတာပေါင်မြေကြီးလုပ်ငန်းများကို လည်းကောင်း၊ ရေမျက်နီချောင်း၌ အကျယ် ၁၅ ပေ၊ အလျားပေ ၂၀၀ အရွယ် မြင်းခွာပုံ ကွန်ကရစ်တံတား သုံးလုံးတွဲ တည်ဆောက်ခြင်း လုပ်ငန်း(**အပေါ်ပုံ**)နှင့် အရှည်ပေ ၆၀ ကွန်ကရစ်တံတား တည်ဆောက်ရန်"ကေဆွန်"အုတ်မြစ်တူးခြင်း လုပ်ငန်းတို့ကိုလည်းကောင်း၊ တည်ဆောက်ပြီးစီးသည့် တံတားများကိုလည်းကောင်း အသေးစိတ် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပုံညာတောင် ဥမင်အတွင်းသို့ ဝင်ရောက်ကာ ဘေးနံရံနှစ်ဖက်ကို လိုအပ်သည့်အကျယ်သို့ ရောက်အောင် ချဲ့တူးခြင်း၊ တူးဖော်ရာမှ ထွက်ရှိလာသောကျောက်များကို ပြင်ပသို့ သယ်ထုတ်ခြင်း၊ နံရံပိုင်းကို ကွန်ကရစ်လောင်းနိုင်ရန်သံချည်ခြင်း၊ သံပေါင်များဖြင့် Form Work ပုံစံပြုလုပ်ခြင်း၊ ကွန်ကရစ်လောင်းခြင်း လုပ်ငန်းအဆင့်ဆင့်ကို အသေးစိတ် ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆိုင်ရာများကို မှာကြားဖြည့်ဆည်းပေးသည်။ **(သတင်းစဉ်)**

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေစင်ရွှေသားနှင့်အလှူငွေများလှူဒါန်း

ရန်ကုန် မတ် ၁၄

ရွှေတိဂုံစေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ရန်အတွက် နှစ်ဖက်သောမိဘများ အားအမှူးထား၍ ဦးသိန်းဝင်း-ဒေါ်နီနီ (ရွှေသံလွင် မိသားစုကုမ္ပဏီ)က ရွှေစင် ၁၀ပိဿာကို မတ် ၁၂ရက်တွင် လှူဒါန်းသည်။

အလားတူ ရွှေတိဂုံစေတီတော် ရွှေထီးတော်သံမဏိဆိုင်းကြိုးများ၊သံမဏိထီးထောက်များ ပိုမိုတောင့်တင်းခိုင်မာအောင် အားဖြည့်ပံ့ပိုးသောစတီးကြိုးများ၊ စတီးချောင်းများအတွက် ဦးတေဇ(ထူးထရေးဒင်းကုမ္ပဏီ)၊ ဦးသိန်းဝင်း (ရွှေသံလွင်မိသားစုကုမ္ပဏီ)၊ ဦးစိုးမြင့် (ငွေဆင်ကုမ္ပဏီ)တို့က အလှူငွေကျပ် သိန်း ၅၀ ကို လှူဒါန်းကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တကေသရ ပျံလွန်တော်မူ

ရန်ကုန် မတ် ၁၄

နိုင်ငံတော် သြဝါဒါစရိယ တနင်္သာရီတိုင်း မြိတ်ခရိုင် မြိတ်မြို့ ရွှေတောင် ကျောင်းတိုက်ကြီး၏ ပဓာန နာယက၊ သက်တော် (၉၀)၊ သိက္ခာတော်(၇၁)ဝါရှိ ဆရာတော်ဘဒ္ဒန္တကေသရ (အဂ္ဂမဟာပဏ္ဍိတ) သည် ၁၃၆၆ခုနှစ်၊ တပေါင်းလဆန်း ၃ရက်၊ မတ် ၁၂ရက် (စနေနေ့) နံနက် ၁၀ နာရီခွဲတွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှသတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်သြဝါဒါစရိယ တနင်္သာရီတိုင်းမြိတ်မြို့နယ် ရွှေတောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေသရ(အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် ဆင်ချောင်းရွာ၊ ခမည်းတော် ဦးဘိုးရိပ်-မယ်တော်ဒေါ်ညွန့်တို့မှ ၁၂၇၆-ခုနှစ်၊ တပေါင်းလဆန်း၁၀ ရက် (တနင်္လာနေ့)တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

ရှင်/ရဟန်းပြုတော်မူခြင်း

ဆရာတော် လောင်းလျာသည် ၁၂၈၁ခုနှစ်တွင် ဆင်ချောင်းကျောင်းဆရာတော် ဦးတေဇဝန္တကို ဥပဇ္ဈာယ် ပြုလျက် ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ၁၂၈၇ခုနှစ်၊ ကဆုန်လဆန်း ၁၅ရက်(တနင်္လာနေ့) နံနက် ၉နာရီအချိန်တွင် ပန်းတနော်မြို့နယ် ဆင်ချောင်းကျောင်းဆရာတော်ဦးတေဇဝန္တကိုပင် ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ဆင်ချောင်းရွာ၊ ဆင်ချောင်းကျောင်းဆရာတော်ထံတွင် ပိဋကအခြေခံကျမ်းစာများကို ရဟန်းဖြစ်သည်အထိ သင်ယူဆည်းပူးတော်မူခဲ့ပြီး၊ ရဟန်းဖြစ်တော်မူသည့်အချိန်မှစ၍ ကျုံပျော်မြို့နယ် အင်းမရွာ ရွာလယ်ကျောင်းဆရာတော်ဦးဝါယမ၊ ရန်ကုန်မြို့ သရက်တောကျောင်းတိုက် တောင်ဘီလူးကျောင်း ဆရာတော် ဦးကေတု၊ သုံးခွမြို့နယ် လေးကျွန်းမာန်အောင်ကျောင်းဆရာတော် ဦးနန္ဒ၊ နွားထိုးကြီးမြို့နယ် အင်းဝကျောင်း ဆရာတော် ဦးအာစိဏ္ဏတို့ထံတွင် ပါဠိအဋ္ဌကထာဋီကာကျမ်းများကို သင်ကြားတော်မူခဲ့ပါသည်။

စာပေပို့ချခြင်းနှင့် သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ပိဋကကျမ်းစာ အဖြာဖြာတို့ကို ဆရာသမားများထံမှ လေ့လာသင်ကြားခဲ့ပြီးနောက် ရွှေတောင်ကျောင်းတိုက်ကြီး၏ နာယကဆရာတော်အဖြစ် သီတင်းသုံးတော်မူသည့်အချိန်မှစ၍ တပည့်ရဟန်း၊ သာမဏေတို့အား ပိဋက အခြေခံကျမ်းစာများနှင့် ပါဠိအဋ္ဌကထာဋီကာတို့ကို သင်ကြားပို့ချတော်မူပြီး၊ မြိတ်မြို့နယ် ပရိယတ္တိသာသနာ့နုဂ္ဂဟအသင်းကြီး၏ နာယကနှင့် မြိတ်မြို့ အတုလမဟာလောကမာရဇိန်ဘုရား၊ လေးကျွန်းဆီးမီး သိမ်တော်ကြီး စသည့် ဂေါပကအဖွဲ့များ၏ သြဝါဒါစရိယအဖြစ်လည်းကောင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်နှင့် နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့အမှတ်-၁၆/၈၇ တွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ နိုင်ငံတော် သြဝါဒါစရိယဆရာတော်အဖြစ်လည်းကောင်း သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းများကို အသီးသီးဆောင်ရွက်တော်မူခဲ့ပါသည်။

ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်ခြင်း

ဤသို့လျှင် သာသနာတော်၏ အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသည့် လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ပရိယတ္တိဝိသာရဒစသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော် ဘဒ္ဒန္တကေသရသည် ၁၉၉၁-ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းအပ်သော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူခဲ့ပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည်သာသနာတော်အကျိုးသယ်ပိုးထမ်းဆောင်တော်မူရင်း သိက္ခာတော်(၇၁)ဝါ၊ သက်တော်(၉၀)အရ ၁၃၆၆ခုနှစ်တပေါင်းလဆန်း (၃)ရက်၊၁၂-၃-၂၀၀၅ (စနေနေ့) နံနက်၁၀နာရီ မိနစ်၃၀အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း စက်ချုပ်သင်တန်း အမှတ်စဉ် (၃၆/ ၂၀၀၅)ဆင်းပွဲကျင်းပ

ရန်ကုန် မတ် ၁၄

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ စက်ချုပ်သင်တန်း အမှတ်စဉ်(၃၆/၂၀၀၅) ဆင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့်ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ သင်တန်းနည်းပြဆရာမများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက သင်တန်းဆင်းအမှာစကား ပြောကြားပြီး ထူးချွန်သည့် သင်တန်းသူများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ပညာရေးဆိုင်ရာစောင့်ရှောက်မှုအဖွဲ့ ခေါင်းဆောင် ဒေါ်အေးအေးနှင့် ဗဟိုအလုပ်အမှုဆောင် လူမှုရေးဆိုင်ရာစောင့်ရှောက်မှုအဖွဲ့ခေါင်းဆောင် ဒေါ်ထွေးထွေးညွန့်တို့က စက်ချုပ်သင်တန်း အမှတ်စဉ် (၃၆/၂၀၀၅)မှ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များကိုပေးအပ်ချီးမြှင့်သည်။

ထို့နောက် သင်တန်းသူများ ကိုယ်စား အတန်းခွဲ(က)မှ သင်တန်းသူတစ်ဦးနှင့် အတန်းခွဲ(ခ)မှ သင်တန်းသူတစ်ဦးတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏စက်ချုပ်သင်တန်း အမှတ်စဉ်(၃၆/၂၀၀၅)သို့ သင်တန်းသူ ၂၅ဦးတို့တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ နှစ်လကြာမြင့်ခဲ့သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ စက်ချုပ်သင်တန်း အမှတ်စဉ် (၃၆/၂၀၀၅) ဆင်းပွဲတွင် အသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း သင်တန်းဆင်းထူးချွန်ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

သကြိန်မဟာပဋ္ဌာန်းဝိပဿနာငါးရက်စခန်း

ရန်ကုန် မတ် ၁၄

တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် ဒဂုဏ်သီရိလမ်းနှင့် သြဘာလမ်းထောင့်ရှိ ဓမ္မရက္ခိတဓမ္မာရုံတွင် သဒ္ဓမ္မဇောတိကဓဇ မဟာပဋ္ဌာန်းဆရာတော် ဘဒ္ဒန္တဝါယမ (ဗဟန်း ၃ လမ်း၊ သုဓမ္မာတိုက်ကျောင်း)သည် သကြိန်တွင်း မဟာပဋ္ဌာန်း ဝိပဿနာတရားစခန်းကို ဧပြီ ၁၃ ရက်မှ ၁၇ ရက်ထိ ငါးရက် ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းတွင် ယောဂီ ၅၀ သာ လက်ခံမည်ဖြစ်သဖြင့် ဧပြီ ၅ ရက် နောက်ဆုံးထား၍ ဓမ္မာရုံတွင် စာရင်းပေးပို့နိုင်ကြောင်း နှိုးဆော်ထားသည်။

(က-ပ)

ပေါက်စေတီကျောင်းတိုက်တရားပွဲများ

ရန်ကုန် မတ် ၁၄

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ရှစ်မိုင်ပေါက်စေတီကျောင်းတိုက်၌ ပေါက်စေတီဆရာတော်ကြီး၏ သြဝါဒကိုခံယူလျက် တရားပွဲများကျင်းပမည်ဖြစ်ရာ ဓမ္မကထိက ဗဟုဇနဟိတဓရ ဓမ္မဒူတအရှင်ဆေကိန္ဒ အရှင်သူမြတ်သည် မတ် ၁၇ရက်နှင့် ၁၈ရက်တို့တွင် ညစဉ်၇နာရီမှစ၍ တရားတော်များကိုဟောကြားမည်ဖြစ်ကြောင်းသိရသည်။

(က-ပ)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲ ပဌမနေ့ဆက်လက်ကျင်းပ

ရန်ကုန် မတ် ၁၄

နိုင်ငံတော် ဦးတည်ချက်(၁၂)ရပ်ပြခန်း ခင်းကျင်းပြသရေး လုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ကွန်ပျူတာ ဉာဏ်စမ်းပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ပဌမနေ့အဖြစ် ဆက်လက်ကျင်းပရာ ပြိုင်ပွဲသို့ သာကေတမြို့နယ်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်နှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အသင်းဝင် ၂၅ဦးစီ၊ စုစုပေါင်း ၇၅ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်များအား နိုင်ငံတော်ဦးတည်ချက် (၁၂)ရပ်ပြခန်း ခင်းကျင်းပြသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံးမှ ဒုတိယဗိုလ်မှူးကြီးအောင်ကြီးက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ ရန်ကုန် ကွန်ပျူတာတက္ကသိုလ်မှ ကထိကဦးတင်ဝင်းက ပြိုင်ပွဲစည်းကမ်းချက်များနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားကြပြီး ပြိုင်ပွဲကိုကျင်းပသည်။

ယင်းပြိုင်ပွဲကို မတ် ၁၉ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက် သရက်ခြံ(၅)လမ်း အမှတ်(၅၈၀)နေ ဆရာမဒေါ်ချိုနွယ်ဦးက မွေးနေ့အလှူငွေ ကျပ်တစ်သိန်းနှင့် ၂၀၀၄-၂၀၀၅ တပည့်ကျောင်းသား၊ ကျောင်းသူများ၏ အလှူငွေကျပ် ငါးသောင်းတို့ကို ကွက်သစ်ရပ်ကွက် မာလာရာမဘုန်းတော်ကြီးကျောင်းအတွင်းရှိ စိန်ရတနာနာရေးကူညီမှုအသင်းသို့လှူဒါန်းရာ အသင်းဒုတိယဥက္ကဋ္ဌ(၁) ဦးထွန်းမင်းနှင့်အဖွဲ့ လက်ခံယူစဉ်။

(က-ပ)

စက်ဘီးဖြင့် တစ်ကိုယ်တော်ခရီးရှည်စီးနင်းမည်

ရန်ကုန် မတ် ၁၄

၂၀၀၅ခုနှစ် ပြည်နယ်၊တိုင်း စက်ဘီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ရှမ်းပြည်နယ်(အရှေ့) တာချီလိတ်ခရိုင် ခွန်အားမာန်(သုခချမ်းသာ)စက်ဘီးစီးကလပ်အသင်းမှ အားကစားသမားများသည် ပြိုင်ပွဲအပြီး မတ် ၂ရက်က မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်၏ စီစဉ်ပေးမှုအရ ဓနုဖြူ၊ ဟင်္သာတ၊ ရေကြည်၊ ပုသိမ်၊ ချောင်းသာ၊ ငွေဆောင်ကမ်းခြေသို့ စက်ဘီးများဖြင့် လေ့လာရေးခရီးရှည် ထွက်ခွာခဲ့ကြသည်။

အဆိုပါအဖွဲ့မှ ဦးမျိုးမြင့်သည် စက်ဘီးဖြင့် တစ်ကိုယ်တော်ခရီးရှည် စီးနင်းရန် စီစဉ်ထားရာ ရောက်ရှိသည့် မြို့များမှ အကူအညီပေးကြရန် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်က မေတ္တာရပ်ခံထားသည်။

၎င်း၏ခရီးစဉ်ကို မတ် ၁၆ ရက်တွင် စတင်မည်ဖြစ်ရာ သန်လျင်၊ ကျောက်တန်း-သုံးခွ၊ ခရမ်း-မုတ္တမ ပင်လယ်ကမ်းခြေတစ်လျှောက် စက်ဘီးစီးနင်းမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

ရွှေပြည်သာမြို့နယ် အမှတ်(၄) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် မူလတန်းဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို မတ် ၁၁ ရက်ကကျင်းပရာ စတုတ္ထတန်းကျောင်းသူ မထက်နန္ဒာရိန်မြင့်အား ကျောင်းအုပ်ဆရာကြီးဦးကျော်မောင်းက လက်မှတ်ပေးအပ်ချီးမြှင့်စဉ်။

(က-ပ)

တောင်ကုန်းတောင်စောင်းများကို စိုက်ပျိုးရေးအတွက် တီထွင်ကြံဆ အသုံးပြု ပဲခူးတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်ဖော်ဆောင်

● ရှေ့ဖုံးမှ

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကိုကို၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ တောင်ငူခရိုင်နှင့် တောင်ငူ၊ အုတ်တွင်း၊ ရေတာရှည်၊ ဖြူး၊ ကျောက်ကြီးနှင့် ထန်းတပင်မြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် သူနာပြုသင်တန်းသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ပဲခူးတိုင်း၏ လူဦးရေနှင့် မြေအသုံးချနိုင်မှုတို့ကို ရှင်းလင်းတင်ပြပြီး ပဲခူးတိုင်း၌ ၂၀၀၄ခုနှစ်တွင် မိုးစပါးစိုက်ပျိုးရန် ဧက ၂၄၅၀၀၀၀ လျာထားရာ ၂၅၆၁၇၂၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါကြောင်း၊ စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ တောင်ငူခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မလေးရှားနိုင်ငံ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီးအား လက်ခံတွေ့ဆုံ

ရန်ကုန် မတ် ၁၄

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မလေးရှားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Dato' Seri Rafidah Aziz **နှင့် အဖွဲ့ဝင်များအား ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မလေးရှားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Dato' Seri Rafidah Aziz အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး